# ဥပဒေရေးဆွဲရေးအတတ်ပညာ

၁၉၇၃ ခုနှစ်၊ စကားရပ်များ

အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ

နှင့်

ဥပဒေကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်း

## သိကောင်းစရာ

ဦးဗကြိုင် ( B.A; B.L)

# Oya'a&;qdkif&m twwfynm

၁၉၇၃ ခုနှစ်၊ စကားရပ်များ

အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ

နှင့်

ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

## oedumifp&m

ဦးဗကြိုင် ( B.A; B.L )

## စာရေးသူ၏အမှာ

စာရေးသူသည် ၁၉၈၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း၊ နိုင်ငံတော်ကောင်စီရုံးလက်အောက်ရှိ ဥပဒေကော်မရှင်ရုံးတွင် ဥပဒေအရာရှိ အဆင့်(၁) အဖြစ် ဥပဒေ(မူကြမ်း) ရေးဆွဲရေးတာဝန်များ၊ ဥပဒေ(မူကြမ်း)များ စိစစ်ရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ရပါသည်။ ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း(၃) လခန့် အိန္ဒိယနိုင်ငံ၏ ပါလီမန်ရုံးတွင် ဥပဒေရေးဆွဲရေးသင်တန်း (Legislative Drafting Course )တက်ရောက် သင်ကြားခွင့်ရရှိခဲ့ပါသည်။

ထိုမှတဖန် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလကုန်မှ ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၂၀) ရက်နေ့အထိ ရှေ့နေချုပ်ရုံးတွင် ဥပဒေအရာရှိ အဆင့်(၁) အဖြစ် ဥပဒေရေးဆွဲရေးနှင့် ဘာသာပြန် ဌာနတွင် ဥပဒေ(မူကြမ်း)ရေးဆွဲခြင်း လုပ်ငန်းတာဝန်များကို (၁၂)နှစ်ခန့်တစိုက်မတ်မတ်ထမ်းဆောင်ခဲ့ပါသည်။ ညွှန်ကြားရေးမှူး အဆင့်မှ အငြိမ်းစားယူခဲ့ပါသည်။

ဥပဒေ(မူကြမ်း) ရေးဆွဲရေးတာဝန်မှာ လွယ်မရောင်နှင့် ခက်ခဲသည်ဟု စာရေးသူ တင်ပြလိုပါသည်။ ဥပဒေနယ်ပယ်တွင် ဆိုရိုးစကားတစ်ခုရှိပါသည်။ မည်သူမျှ ပြီးပြည့်စုံသော ဥပဒေကို ရေးဆွဲခြင်းမပြုနိုင်ဟု ဆိုလိုပါသည်။ (No man can write a perfect law) ဥပဒေ ရေးဆွဲသည့်အချိန်က ပေါ်ပေါက်နေသော အခြေအနေ အရပ်ရပ်ကို ခြုံငုံမိအောင် ရေးသားရခြင်း ဖြစ်ပါသည်။ ဥပဒေတွင် အမှန်တကယ် ပါဝင်ရမည့် မူပိုင်းဆိုင်ရာ အချက်အလက်များ (Policy of the Law) ကျန်ရှိသွားလျှင်သော်လည်းကောင်း၊ အရေးအသားကျစ်လစ်မှုမရှိလျှင်သော်လည်းကောင်း၊ အဓိပ္ပါယ်နှစ်ခွ ကောက်ယူ

နိုင်သည့် စကားအသုံးအနှုန်း ပါရှိသွားလျှင်သော် လည်းကောင်း ပြဋ္ဌာန်း လိုက်သည့် ဥပဒေတွင် လိုအပ်ချက်များ ကျန်ရှိ သွားမည် သာဖြစ်ပါသည်။ သို့ဖြစ်ရကား ပြင်ဆင်ချက်ဥပဒေများ ပြဋ္ဌာန်းပြီး ဥပဒေ၏ အားနည်းချက်၊ လိုအပ်ချက်တို့ကို ဖြည့်ဆည်း ပေးရပါသည်။

ပြဋ္ဌာန်းလိုက်သည့် ဥပဒေကို ရေးဆွဲရသူမှာ တစ်ဦး သို့မဟုတ် နှစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ ဖြစ်နိုင်သော်လည်း ပြဋ္ဌာန်းပြီးနောက် ထွက်ရှိလာသည့် ဥပဒေကို ဥပဒေနယ်ပယ်မှ ဥပဒေ လောကသား ထောင်ပေါင်းများစွာက စိစစ်ဝေဖန်ကြမည်ဖြစ်၍ ဥပဒေရေးဆွဲသူမှာ မည်သည့် အခါတွင်မျှ ပထမအဆင့်နေရာ ရရှိမည် မဟုတ်ကြောင်း ဥပဒေရေးဆွဲရေး ဆိုရိုးစကားလည်း ရှိပါသည်။ (The Legislative Draftsman can never stood first.)

ဥပဒေပညာပေးစာအုပ်ငယ်မှာ စာရေးသူကျင်လည်ခဲ့ရသော ဥပဒေ(မူကြမ်း) ရေးဆွဲရေး လုပ်ငန်းတာဝန်များကို ဥပဒေလောက သားများအား မျှဝေခံစားနိုင်ကြရန် တင်ပြလိုက်ရပါသည်။ ဥပဒေ (မူကြမ်း) ရေးဆွဲရေးတာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြရမည့် မျိုးဆက်သစ်လူငယ်များ အတွက် တစ်နည်းတစ်ဖုံ အထောက်အကူ ဖြစ်စေလိမ့်မည်ဟု စာရေးသူမှ ရိုးသားစွာ ယုံကြည်ပါသည်။
ဥပဒေလောကသားများကို အမြဲ ဦးညွှတ် လေးစားလျက်ပါ။

ရန်ကုန်မြို့
၁၄.၄.၂၀၀၇ ရက်နေ့တွင်
ရေးသားပြီးစီးပါသည်။

(ဦးဗကြိုင်)
ညွှန်ကြားရေးမှူး(ငြိမ်း)၊
ရှေ့နေချုပ်ရုံး
အချိန်ပိုင်းပါမောက္ခ၊ ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်
အိမ်ဖုန်း ၅၈၄၂၈၉
G.S.M ၀၉၅၁၆၀၈၇၀

# မာတိကာ


၁. နိဒါန်း ၁

၂. (၁) ဥပဒေရေးဆွဲခြင်း အတတ်ပညာ ၁၅

- ဥပဒေရေးဆွဲရာတွင် လိုက်နာရမည့် ယေဘူယျမူများ ၁၆
- ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် ဖြစ်ပေါ်နိုင်သည့် အခြေအနေ ၂၆
- မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သော ကုလသမဂ္ဂ ကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း ၂၇
- ဥပဒေများကို ရှင်းလင်းတိကျစွာရေးသားရန် လိုအပ်ခြင်း ၃၀
- ဥပဒေများစိစစ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ၃၁
- ဥပဒေရေးဆွဲရာတွင် အထူးသတိပြုရမည့်အချက်များ ၃၄
- ဥပဒေရေးဆွဲခြင်း ၃၅

၃. (၂) ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ၃၉

- နိဒါန်း ၃၉
- အခန်း (၁)၊ အမည်၊ စတင်အာဏာတည်သည့်နေ့ရက် သက်ဆိုင်ခြင်း ၃၉
- အခန်း (၂)၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးလမ်းညွှန်များ ၄၀
- အခန်း (၃)၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၄၂
- အခန်း (၄)၊ ဥပဒေထုတ်ပြန်ခြင်း၊ အာဏာတည်ခြင်း၊ ရုပ်သိမ်းခြင်း ၄၉
- အခန်း(၅)၊ အာဏာမတည်သေးသော ဥပဒေနှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များ ၅၁
- အခန်း(၆)၊ နည်းဥပဒေ စသည်တို့ပြုလုပ်ခြင်း၊ အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်း ၅၂
- အခန်း(၇)၊ ပြစ်မှုဆိုင်ရာဥပဒေများ ၅၂
- အခန်း(၈)၊ တာဝန်ပေးအပ်ခြင်း၊ ဆက်ခံဆောင်ရွက်ခြင်း၊ ရပ်စဲခြင်း ၅၄
- အခန်း(၉)၊ အထွေထွေ ၅၅

၁၁. (၃) စကားရပ်များ အစားထိုးသည့် ဥပဒေ ၅၆

၁၂. (၄) ၁၉၉၇ ခုနှစ်၊ စကားရပ်များ အစားထိုးသည့် ဥပဒေ ၆၀

၁၃. (၅) ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း ၆၂

၁၄. (၆) ဥပဒေများ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း ၇၀

- Maxwell on the Interpretation of Statutes စာအုပ်မှ ကောက်နုတ်တင်ပြချက်များ ၇၉

## နိဒါန်း

ဥပဒေ(မူကြမ်း) တစ်ရပ်ကို ရေးဆွဲရန် တာဝန်ပေးအပ်ခြင်း ခံရသော ဥပဒေအရာရှိ သို့မဟုတ် ဌာနဆိုင်ရာအရာရှိ သို့မဟုတ် ဥပဒေ (မူကြမ်း) ရေးဆွဲရန် ဖွဲ့စည်းပေးထားသည့် အဖွဲ့သည် အောက်ပါ အချက်များကို စေ့စေ့စပ်စပ်ဆောင်ရွက်သွားနိုင်ပါက အရည်အသွေး အဆင့်အတန်း ရှိသော ဥပဒေ(မူကြမ်း) တစ်ရပ်ထွက်ပေါ်လာနိုင် ပါသည်။ ပြီးပြည့်စုံသော ဥပဒေတစ်ရပ်ကို ရေးသားရန်မှာ အလွန်ပင် ခက်ခဲလှပါသည်။

မူပိုင်းဆိုင်ရာ အချက်အလက်များကို ကနဦး ပြည့်ပြည့်စုံစုံ သိရှိ ထားပြီးမှ ဥပဒေ(မူကြမ်း)ကို စတင်ရေးဆွဲရန် ဖြစ်ပါသည်။ တစ်နည်း အားဖြင့်ဆိုလျှင် တည်ဆဲဥပဒေတစ်ရပ်ကို ရုပ်သိမ်း၍ လက်ရှိအခြေ အနေအရပ်ရပ်နှင့်ကိုက်ညီမှုရှိစေမည့်ဥပဒေအသစ်တစ်ရပ်ကို ပြန်လည် ရေးဆွဲ ခြင်းလား သို့မဟုတ် ယခင်က မရှိခဲ့သော ဥပဒေအသစ် တစ်ရပ်ကို ရေးဆွဲရမည်လားဟု ဆန်းစစ် ရပါမည်။ တည်ဆဲဥပဒေကို ရုပ်သိမ်းပြီး ဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းသည့် ကိစ္စဖြစ်ပါမူ တည်ဆဲ ဥပဒေ၏ အားနည်းချက်များ၊ တည်ဆဲဥပဒေတွင် ပြန်လည် အသုံးပြုနိုင်သည့် အချက်အလက် ကောင်းများနှင့် ထပ်မံ ဖြည့်စွက်ရန် အချက်အလက်သစ်များကိုလည်းစိစစ်ရန်အမှန်လိုအပ်ပါသည်။ ယခင် က မရှိသေးသော ဥပဒေအသစ်ကို ရေးဆွဲရခြင်းဖြစ်ပါက အိမ်နီးချင်း နိုင်ငံများ၏နမူနာဥပဒေများ(Model Laws) များရနိုင်သမျှ ရှာဖွေလေ့လာရန် လိုအပ်ပါမည်။ ဥပမာ - နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ တစ်ရပ်ကို ရေးဆွဲမည်ဆိုပါက အိမ်နီးချင်း နိုင်ငံများက ပြဋ္ဌာန်း ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများ (Foreign Investment Laws) များကို စေ့စေ့စပ်စပ် လေ့လာရန် လိုအပ်ပါသည်။

နိုင်ငံခြားတိုင်းပြည်များမှငွေရှင်ကြေးရှင်များကမိမိနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် အဆိုပါ ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂိုလ်များအား အာမခံချက်များပြည့်ပြည့် စုံစုံအကာအကွယ်ပေး ထားခြင်း၊ အမှန် တကယ်အကျိုးခံစားခွင့်ရှိသည့် အခွင့်အလမ်းများ (incentive) ပေးထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (Foreign Investment Law) ကို ရေးဆွဲထုတ်ပြန်နိုင်မှ နိုင်ငံခြားတိုင်းပြည်များမှ ငွေရှင်ကြေးရှင်များက မလွဲဧကန် လာရောက်ရင်းနှီးမြှုပ်နှံကြမည် ဖြစ်ပါသည်။ အကျိုးခံစားခွင့်ပြုထားသောအခွင့်အလမ်းများဆိုရာတွင် သတ်မှတ်ပေးထားသည့်နှစ်အတွင်းပြည်သူပိုင်မသိမ်းခြင်း၊ နှစ်ကာလအတိုင်းအတာဖြင့် အခွန်ကင်းလွတ်ခွင့် ပြုခြင်း၊ သယ်ဆောင်လာသောပစ္စည်းနှင့် ငွေသားများကိုလုပ်ငန်းဖျက်သိမ်းသည့်အခါ နိုင်ငံခြားသို့ပြန်လည် သယ်ယူခွင့်ပြုခြင်းတို့ဖြစ်ပါသည်။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများထက် အရည်အသွေးသာလွန်ကြောင်း လေ့လာတွေ့မြင်နိုင်ပါသည်။

ဥပဒေ၏ခေါင်းစဉ် (Title of the Law) ကိုလည်း လိုတိုရှင်း ရွေးချယ်သတ်မှတ်ရပါမည်။ ဥပဒေ၏ခေါင်းစဉ်ကို ရှည်လျားစွာ ရေးသားသုံးစွဲခြင်း မပြုသင့်ပါ။ ဥပဒေ၏ခေါင်းစဉ်ကို ကြည့်ရုံမျှဖြင့် မည်သည့်အကြောင်းအရာများနှင့် သက်ဆိုင်သော ဥပဒေဖြစ်ကြောင်း ကွင်းကွင်းကွက်ကွက် သိရှိနိုင်စေရန် ဖြစ်ပါသည်။ အခွန်အကောက် ဥပဒေအမျိုးမျိုးရှိသဖြင့် ဝင်ငွေခွန်ဥပဒေလား၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေလား၊ အကောက်ခွန်ဥပဒေလား ကွဲပြားစွာ ဖော်ပြသင့်ပါသည်။ ဥပဒေ၏ စာကိုယ်ပါစာသားနှင့် စပ်လျဉ်း၍ ဝိဝါဒကွဲပြားမှု ပေါ်ပေါက်သဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဥပဒေ၏ ခေါင်းစဉ်ကို အထောက်အကူ ရယူ၍ အဓိပ္ပါယ်ဖွင့်ဆို နိုင်သော်လည်း ဥပဒေ၏ ခေါင်းစဉ်မှာ

အပြီးသတ် သက်သေခံချက်မဟုတ်ပါ။ ( Conclusive Evidence)

အဓိပ္ပါယ်ဖွင့်ဆိုချက် (Definitions) ဥပဒေများကို လေ့လာပါက ဥပဒေတိုင်းလိုလို အဓိပ္ပါယ်ဖွင့်ဆိုချက်များ အနည်းနှင့် အများ ပါရှိကြောင်း မြင်တွေ့နိုင်ပါသည်။ ဥပဒေကို ရေးသားရာတွင် ရှည်လျားသော ဝါကျများ ရေးသားနေရခြင်းမှ ကာကွယ်ရန် စကားရပ်များ လိုအပ်ပါက အဓိပ္ပါယ်ဖွင့်ဆိုရခြင်း ဖြစ်ပါသည်။ (Definition is to shorten the Law ) ဥပမာ-ဘွိုင်လာ (Boiler) ဥပဒေတွင် ဘွိုင်လာကို အဓိပ္ပါယ်ဖွင့်ဆို လိုက်ခြင်း ဥပဒေ၏စာကိုယ်၌ ဘွိုင်လာဆိုသည်မှာ ----- အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ထပ်ခါတလဲလဲ ရေးသားရခြင်းမှ သက်သာစေမည် ဖြစ်ပါသည်။ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၉ ၌ စကားရပ် (၃၆)မျိုးအတွက် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ရေးဆွဲမည့် ဥပဒေ အတွက် အဓိပ္ပါယ်ဖွင့်ဆိုရန် ရှိသော စကားရပ်သည် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုထားပြီးဖြစ်ပါက ထပ်မံဖွင့်ဆိုရန် မလိုတော့ပါ။ သို့ရာတွင် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက် အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် တူညီခြင်း မဟုတ် သော ကိစ္စရပ်အတွက် အဓိပ္ပါယ်ဖွင့်ဆိုရန်ရှိပါက ရေးဆွဲမည့် ဥပဒေ တွင် သီးခြားအဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ သို့ရာတွင် မည်သည့် ဥပဒေ တွင် မည်သို့ပင်ပါရှိစေကာမူ ယခုဥပဒေပါ စကားရပ်အတွက် အဓိပ္ပါယ် ဖွင့်ဆိုခြင်းဖြစ်ကြောင်း ဖော်ပြရေးသားသင့်ပါသည်။

ရေးဆွဲမည့် ဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုသည့် စကားရပ်ကို ဘယ်နှစ်ကြိမ် သုံးစွဲထားသည်ကို စိစစ်ထားသင့်ပါသည်။ ၂ ကြိမ် သို့မဟုတ် ၃ ကြိမ် ခန့်လောက်သာ သုံးစွဲထားခြင်းဖြစ်ပါက အဓိပ္ပါယ် ဖွင့်ဆိုခြင်းမပြုတော့ဘဲ စကားရပ်အရှည်ကိုပဲ သုံးစွဲခြင်းက ပိုမို

ဆီလျော်ကောင်းမွန်ပါသည်။ အချို့စကားရပ်များ၏ အဓိပ္ပါယ်ဖွင့် ဆိုချက်ကို တည်ဆဲဥပဒေများတွင် ပါရှိကြောင်း လေ့လာတွေ့မြင်နိုင် ပါသည်။ ဥပမာ - " **မရွှေ့မပြောင်းနိုင်သော ပစ္စည်း** " စကားရပ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေတွင် ဖော်ပြ ပါရှိပါသည်။ ရေးဆွဲမည့် ဥပဒေတွင် " **မရွှေ့မပြောင်းနိုင်သော ပစ္စည်း** " စကားရပ်ကို ဖွင့်ဆိုရန် အမှန်လိုအပ်ပါက ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပါ ဖွင့်ဆိုချက်ပါအတိုင်း ဖြစ်သည်ဟု ဖွင့်ဆိုသည်ဟု ရေးသားရန် မသင့်ပါ။ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆို ချက်အတိုင်း ရေးသားသည့် ဥပဒေတွင် ထပ်မံဖော်ပြ ရေးသားသင့်ပါသည်။ တည်ဆဲ ဥပဒေတစ်ရပ်ရပ်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရည်ညွှန်းဖော်ပြ၍ အဓိပ္ပါယ်ဖွင့်ဆိုပါက အဆိုပါ တည်ဆဲဥပဒေကို ရုပ်သိမ်းလိုက်ပါက ရည်ညွှန်းအဓိပ္ပါယ်ဖွင့်ဆိုသည့် ဥပဒေအတွက် ရပ်တည်ရန် ခက်ခဲမှုနှင့် ကြုံတွေ့နိုင်ပါသည်။ ဥပဒေတစ်ခုချင်းသည် ပြီးပြည့်စုံစွာ ရေးသား ဖော်ပြသင့်ပါသည်။ (A Law should be self - contained)

ရေးသားမည့် ဥပဒေတွင် ကော်မတီ သို့မဟုတ် အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းရန်ရှိပါက ဌာနဆိုင်ရာ ရေးသားမည့် ဥပဒေတွင် ကော်မတီ သို့မဟုတ် အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းရန်ရှိပါက ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၏ အမည်ဖြင့် ဖွဲ့စည်းခြင်း မပြုဘဲ ရာထူးအလျောက်ဖြင့် ကော်မတီ သို့မဟုတ် အဖွဲ့ကို ဖွဲ့စည်းသင့်ပါသည်။ လူပုဂ္ဂိုလ်အမည်ဖြင့် ကော်မတီ သို့မဟုတ် အဖွဲ့ကို ဖွဲ့စည်းပါက လူပုဂ္ဂိုလ်များ အနေဖြင့် ပြောင်းရွှေ့ သွားခြင်း၊ အငြိမ်းစားယူခြင်း စသည်တို့ ပေါ်ပေါက် တတ်သဖြင့် ယင်းကော်မတီနှင့် အဖွဲ့ကို လူပုဂ္ဂိုလ်ပြောင်းလဲတိုင်း ဥပဒေကို ထပ်ခါ တလဲလဲ ပြင်ဆင်နေရမည် ဖြစ်၍ ခက်ခဲမှုနှင့် ကြုံတွေ့နိုင် ပါသည်။ ကော်မတီဖွဲ့စည်းရာတွင် ဥက္ကဋ္ဌတစ်ဦး၊ဒုဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး တို့မှာ မလွဲ မသွေ ပြဋ္ဌာန်းပါရှိ

သင့်ပါသည်။ ကျန်အဖွဲ့ဝင်များကို ဥပဒေနှင့်သက် ဆိုင်သော ဌာနဆိုင်ရာရာထူးများဖြင့်ပါဝင်ဖွဲ့စည်းသင့်ပါသည်။ ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့သည် ယင်းဥပဒေတည်ဆဲ ဖြစ်နေသမျှ ကာလပတ်လုံး ရှင်သန်နေမည်ဖြစ်သည်။ (A Law is a living thing) ရာထူးအလျောက်ဖြင့်သာ ဖွဲ့စည်းသင့်ပါသည်။ ကော်မတီဝင် ဦးရေကို မဂဏန်းဖြင့် ဖွဲ့စည်းရန်ဖြစ်ပါသည်။ သို့မှသာ ဆုံးဖြတ်ရန် ကိစ္စတစ်ရပ်ပေါ်ပေါက်လာပါက အဆုံးအဖြတ်ပြုရာတွင် လွယ်ကူ ချောမောမည် ဖြစ်ပါသည်။ ကော်မတီဝင်ဦးရေကိုလည်း လိုအပ်သည်ထက် ပိုမို၍လည်း ဖွဲ့စည်းရန် မသင့်ပါ။ အကြောင်းမှာ ကော်မတီဝင်များလိုအပ်သည်ထက်ပိုမိုပါဝင်နေပါကဆုံးဖြတ်သည့်အခါ သဘောထားကွဲလွဲမှုများ များပြားလာနိုင်သဖြင့် အဆုံးအဖြတ် ပေးရန် ကြန့်ကြာသွားနိုင်ပါသည်။ ပြည်သူ့အုပ်ချုပ်ရေးပညာရပ်တွင် ( Public Administration) ၏ အဆိုအရ ဆိုပါလျှင် လူ ၃ ဦးသာ ပါဝင်ဆုံးဖြတ်ရမည့်ကိစ္စကို လူ ၅ ဦးပါဝင်ပါက ဆုံးဖြတ်ရာတွင် လိုရင်းမရောက်နိုင်ဟု ဆိုထားပါသည်။

**ကော်မတီ သို့မဟုတ် အဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်အခန်းကဏ္ဍ** ကို ရေးသားရာတွင် တာဝန်ပိုင်းကို ရှေးဦးစွာ ရေးသားဖော်ပြသင့်ပါသည်။ လုပ်ပိုင်ခွင့်ကို ဒုတိယဦးစားပေးနေရာတွင် ထားရှိ၍ရေးသားသင့်ပါသည်။ လုပ်ပိုင်ခွင့်များကို ဖော်ပြရာတွင် ပြည့်စုံရန် ခက်ခဲတတ်သဖြင့် Omnibus Clause (ဆက်နွယ်သောအခြား လုပ်ပိုင်ခွင့်များ)ထည့်သွင်းထားပါက ဥပဒေကို ကျယ်ကျယ် ပြန့်ပြန့် ကျင့်သုံးနိုင်မည်ဟု သုံးသပ်ရရှိပါသည်။ (A law should be flexible)

**လိုင်စင် သို့မဟုတ် ပါမစ်လျှောက်ထားသည့်** အခန်းပါသော ဥပဒေတွင် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်

အားလုံးနှင့် သက်ဆိုင်သော လိုင်စင်သို့မဟုတ် ပါမစ်လျှောက်ထား ရမည့် ကိစ္စဖြစ်ပါက **“ မည်သူမဆို လျှောက်ထားနိုင်သည်”** ဟု ရေးသားပြဋ္ဌာန်းပါက လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအားလုံး အကြုံးဝင်သက်ဆိုင်ပါသည်။ ကြုံခဲ့ဖူးသော ကိစ္စတစ်ရပ်ကို အလျဉ်းသင့်၍ တင်ပြရမည်ဆိုပါက ဥပဒေတစ်ခုတွင် လိုင်စင် သို့မဟုတ် ပါမစ်ကို မည်သူမဆို လျှောက်ထား နိုင်သည်ဟု ရေးသားပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ၏ လုပ်ထုံး လုပ်နည်းများ၌ မည်သူမဆိုအားကုမ္ပဏီသို့မဟုတ်အဖွဲ့အစည်းကိုသာ လျှောက်ထားခွင့် ပြုမည်ဟု ပြင်ဆင်ပေးရန် ဌာနဆိုင်ရာက ရှေ့နေချုပ်ရုံးသို့ တင်ပြ လာပါသည်။ ဥပဒေကို နည်းဥပဒေဖြင့် ဖြစ်စေ၊ လုပ်ထုံးလုပ်နည်း ဖြင့်ဖြစ်စေ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း မပြုနိုင် ကြောင်း ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အား ရှင်းလင်းခဲ့ရဖူး ပါသည်။

လိုင်စင်သို့မဟုတ်ပါမစ်ရလိုကြောင်း လျှောက်ထားသူ များပြား လာသည့်ကိစ္စတွင် ဌာန ဆိုင်ရာအနေဖြင့် ကနဦး ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား လိုင်စင်ချထားပေးပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းအား လိုင်စင်ချထားပေးရန် မသင့်သေးဟု ယူဆပါက ခေတ္တဆိုင်းငံ့ထား ပြီး ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်ရှိကြောင်းကိုလည်း သတိပြုသင့် ပါသည်။ လိုင်စင်နှင့် ပါမစ်တွင် လုပ်ပိုင်ခွင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို လိုင်စင် သို့မဟုတ် ပါမစ်တွင် လုပ်ကိုင်ခွင့် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို လိုင်စင် သို့မဟုတ် ပါမစ်တွင် တိတိကျကျ သတ်မှတ်ဖော်ပြပါရှိသင့်ပါသည်။ လိုင်စင်နှင့် ပါမစ်သက်တမ်း၊ လိုင်စင်သက်တမ်း လဲလှယ်ခြင်း စသည်တို့ကို ဥပဒေတွင် ရေးသားမည့်အစား သက်ဆိုင်ရာ ဌာနက သတ်မှတ်နိုင် ကြောင်းကို ဥပဒေ၌ လုပ်ပိုင်ခွင့် လွှဲအပ်ပေးထားသင့်ပါသည်။ (delegated legislation) အကြောင်းမှာ လိုင်စင်ကြေး သို့မဟုတ်

သို့မဟုတ် ပါမစ်ခတို့မှာ အခါအားလျော်စွာ တိုးမြှင့်ကောက်ခံရန် ပေါ်ပေါက်နိုင်ပါသဖြင့် ဥပဒေ၌ သတ်မှတ်ခြင်းထက် သက်ဆိုင်ရာ ဌာနအား ဥပဒေ၌ လုပ်ပိုင်ခွင့် လွှဲအပ်ပေးသင့်ပါသည်။

**တားမြစ်ချက်နှင့် ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ** နှင့် စပ်လျဉ်း၍ ပုံသေရေးသားရမည့် သတ်မှတ်ချက်မရှိပါ။(No hard and fast rule) အချို့ဥပဒေတွင် တားမြစ်ချက်ကို သီးခြား အခန်းတစ်ခုရေးသားပြီး ပြစ်ဒဏ်အခန်းကိုတားမြစ်ချက်အခန်းအောက်၌ထားရှိ၍ရေးသားခြင်း ကိုလည်း မြင်တွေ့နိုင်ပါသည်။ အချို့ဥပဒေတွင် ပုဒ်မတစ်ခု၏ ပုဒ်မခွဲ (က)၌ တားမြစ်ချက်ကို ရေးသားပြီး ပုဒ်မခွဲ (ခ)တွင် ပြစ်ဒဏ်ကို ရေးသားသည်လည်း လေ့လာမြင်တွေ့ နိုင်ပါသည်။ သို့ရာတွင် သတိပြု သင့်သော အချက်မှာ ပြစ်ဒဏ်မှာ အကြီးအသေး သတ်မှတ်ချက် ရှိသဖြင့် ပြစ်ဒဏ် ငယ်သော ပုဒ်မ များကို ရှေ့ပိုင်းတွင် ထားရှိ ရေးသားပြီး ကြီးလေးသော ပြစ်ဒဏ် သတ်မှတ်ချက် (Aggravated offences) များကို နောက်ပိုင်းတွင် ထားရှိပြဋ္ဌာန်းပါက လျော်ကန် သင့်မြတ်ပါသည်။ ဥပမာ - သက်တမ်းကျော်လွန်ပြီးမှ လိုင်စင် လဲလှယ်သည့် ကိစ္စနှင့် လိုင်စင်မရှိဘဲ ဥပဒေကို ချိုးဖောက် လုပ်ကိုင်သည့် ပြစ်မှုမှာ ပြစ်ဒဏ်မတူညီနိုင်ပါ။ သက်တမ်းကုန်ဆုံးပြီး နောက်မှ လိုင်စင်လဲလှယ်သည့် ကိစ္စမှာ ဒဏ်ငွေသို့မဟုတ် ဒဏ်ကြေး တပ်ရိုက်ခြင်းဖြင့် လုံလောက်မှု ရှိနိုင်ပြီး လိုင်စင်လဲလှယ် သည့်ကိစ္စမှာ ဒဏ်ငွေ သို့မဟုတ် ဒဏ်ကြေးတပ်ရိုက်ခြင်းဖြင့် လုံလောက်မှု ရှိနိုင်ပြီး လိုင်စက်ရယူခြင်းမရှိဘဲ လုပ်ငန်းလုပ်ကိုင်သူကို ဟန့်တားလောက် သော ထောင်ဒဏ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် နှစ်ရပ်ပေါင်းကို သင့်တော်သလိုသတ်မှတ်သင့်ပါသည်။သို့မှသာလျှင်ပြစ်ဒဏ်ချမှတ်ရေး ဥပဒေသဘောတရား (Theory of punishment) နှင့် ကိုက်ညီမှုရှိမည် ဖြစ်ပါ သည်။

မျက်မှောက်ခေတ် ဥပဒေရေးဆွဲရာတွင် အခန်းများသတ်မှတ်၍ ရေးသား သဖြင့် ယင်းအခန်းနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်များကို စုစည်း၍ ရေးသားပြဋ္ဌာန်းပါသည်။ ယင်းအခန်းနှင့် မသက်ဆိုင်သော အကြောင်းအရာများကို အထွေထွေပြဋ္ဌာန်းချက် ( General Provisions) ၌ ထားရှိပြဋ္ဌာန်းထားပါသည်။

အထွေထွေအခန်း၌ သာမန်အားဖြင့် အောက်ပါတို့ကို အဓိက ထည့်သွင်း ရေးသားပါသည်။

(က) အခန်းများအောက်နှင့်မသက်ဆိုင်သော ပြဋ္ဌာန်းချက်များ

(ခ) တည်ဆဲဥပဒေနှင့် နည်းဥပဒေများကို ရုပ်သိမ်းခြင်း

(ဂ) နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကို မည်သည့် ဌာနက ထုတ်ပြန်နိုင်ခြင်း

(ဃ) အမိန့်၊ညွှန်ကြားချက်တို့ကို မည်သည့်ဌာနက ထုတ်ပြန် နိုင်ခြင်း

ဥပဒေတစ်ရပ်ကို ရေးသားရာတွင် ပုံသေနည်းသတ်မှတ်ချက် မရှိပါ။(No hard and fast rule) အဓိက သတိပြုသင့်သောအချက်မှာ ဥပဒေသည် လူအားလုံး သို့မဟုတ် လူတစ်စုနှင့် သက်ဆိုင်သဖြင့် ဥပဒေကို လိုက်နာကျင့်သုံးကြရမည့် လူအများ နားလည်သဘော ပေါက်ရန် အမှန်ပင်လိုအပ်ပါသည်။ ဥပမာ - အခြေခံဥပဒေ၊ ပြစ်မှု ဆိုင်ရာဥပဒေနှင့် နိုင်ငံသားဥပဒေတို့မှာ လူအများနှင့် သက်ဆိုင်သော ဥပဒေများ ဖြစ်ပါသည်။ အမြတ်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေတို့မှာ သက်ဆိုင်ရာ ဥပဒေ၏ ဝင်ငွေ သတ်မှတ်ချက်ရရှိကြသောသူတို့နှင့်သာ သက်ဆိုင်ပါသည်။ ခေါင်းရွက်ဗျက်ထိုးဈေးသည်တို့နှင့် မသက်ဆိုင်ပါ။ T.V Video ဥပဒေမှာလည်း T.V Video ပိုင်ဆိုင် လက်ဝယ်ရှိသူ

တို့သာ လိုက်နာကြရမည့် ဥပဒေဖြစ်ပါသည်။ TV Video မရှိသူများ လိုက်နာရန် မလိုပါ။ သိရှိရန်ပင် မလိုအပ်ပါ။

ထို့အပြင် နောက်ဆုံးသတိပြုသင့်သော အချက်တစ်ရပ်မှာ ပြဋ္ဌာန်းသည့် ဥပဒေသည် အခြေခံ ဥပဒေနှင့် ကွဲလွဲဆန့်ကျင်ခြင်း ရှိမရှိနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်ခြင်း ရှိမရှိစိစစ်ရန် အမှန်လိုအပ်ပါသည်။

**ဥပဒေရေးထုံး (the art of drafting)** နှင့် စပ်လျဉ်း၍ ဝါကျတိုတိုဖြင့် ဥပဒေကို ရေးသားရန် ဖြစ်ပါသည်။ ဝါကျတစ်ခုတွင် ကတ္တား (Subject) တစ်ခုထပ် ပိုမိုပါရှိခြင်း၊ ကိရိယာ (Verb) လည်း တစ်ခုထက်ပိုမိုပါရှိခြင်း၊ ထို့ပြင် ခြွင်းချက် (Proviso)လည်းထည့်၍ ဝါကျတည်ဆောက်ပါက ဥပဒေကို ရေးသူသာ နားလည်သဘော ပေါက်ပြီး သာမန်ပြည်သူများ နားလည်နိုင်မည် မဟုတ်တော့ပါ။ ဥပမာ - တည်ဆဲ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၃(၁) တွင် "အိမ်ငှားပင်မဟုတ်စေကာမူ" ဆိုသည့် အဓိပ္ပာယ် နှစ်မျိုးကောက်ယူနိုင်သော စကားရပ်ကြောင့် ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးက ရားရုံးအဆင့်ဆင့်တွင် ရှုံးနိမ့်လာသော အိမ်ငှား ကို ပုဒ်မ ၁၃ (၁) အရ အချင်းဖြစ်ဥပမာတွင် အိမ်ငှားအဖြစ် ဆက်လက် အငှားချနေထိုင်ခွင့်ပြုလိုက်သည့်အမိန့်ကြောင့် တရားရုံး အဆင့်ဆင့် တွင် အနိုင်ဒီဂရီရရှိထားသော အိမ်ရှင်(တရားနိုင်)၏ အနိုင် ဒီကရီမှာ ဆက်လက်ဇာရီမလုပ်နိုင်တော့သည့်အဆင့်သို့ ကျရောက် ခဲ့ရသည့် သာဓကများလည်း ရှိခဲ့ဖူးပါသည်။ သို့ဖြစ်ရကား နိုင်ငံတော် ကောင်စီက ပုဒ်မ ၁၃(၁) ပါ "အိမ်ငှားပင် မဟုတ်စေကာမူ" ဆိုသည့် စကားရပ် တွင် တရားရှုံးအိမ်ငှား မပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆို ပေးခဲ့ပါသည်။ ရေးဆွဲသည့် ဥပဒေသည် အများနားလည်နိုင်သော ဥပဒေဖြစ်မှ သာလျှင်ထက်မြက်၍ အာနိသင်ရှိပြီး အသက်ဝင်မည်

ဖြစ်ပါသည်။ (law is a living thing) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နိုင်ငံတော်ငြိမ်ဝပ်ပြားမှုတည်ဆောက်ရေး အဖွဲ့တို့က ပြဋ္ဌာန်းခဲ့သော ဥပဒေများပါ ရေးထုံးကို လေ့လာပါရန် တိုက်တွန်း လိုက်ရပါသည်။

**ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ရေးဆွဲခြင်း (Drafting of Amending Law)**

ပြဋ္ဌာန်းလိုက်သည့်ဥပဒေတွင်ပါရှိသွားသည့် အားနည်းချက်သို့မဟုတ်မပြည့်စုံမှု ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အခြေအနေ အချိန်အခါ၏ လိုအပ်ချက်အရသော် လည်းကောင်း၊ ဥပဒေကိုချိုးဖောက်သူတို့အား ဟန့်တားလောက်သော ပြစ်ဒဏ်သတ်မှတ်ရန်လိုအပ်လာလျှင်သော်လည်းကောင်း၊ ဥပဒေကို မလွဲမသွေ ပြင်ဆင်မှုပြုလုပ်ရပ်သည်။

**သတိပြုရန်အချက်တစ်ရပ်**မှာ ဥပဒေပြဋ္ဌာန်းပြီးနောက် မကြာမတင်ပြင်ဆင်ခြင်း ပြုလုပ်ရလျှင် လျော်ကန်သင့်မြတ်မည်မဟုတ်ပါ။ **ဒုတိယသတိပြုရန်အချက်**မှာပြင်ဆင်ချက်အတော်များများ ဆောင်ရွက်ရန်ရှိပါက ပြင်ဆင်သည့် ဥပဒေ ရေးသားပြဋ္ဌာန်းထုတ်ပြန်မည့်အစား ဥပဒေ အသစ် တစ်ရပ် ရေးသားပြဋ္ဌာန်းခြင်းက ပိုမို၍ သင့်မြတ်မည်ဟု စာရေးသူ၏ အတွေ့အကြုံအရ တင်ပြလိုပါသည်။ ဥပဒေတစ်ရပ်ကို မကြာခဏ ပြင်ဆင်ချက်များ ပြုလုပ်၍ ကျင့်သုံးနေ ပါက တည်ဆဲပြဋ္ဌာန်းချက်များကို ပြည်သူအများ လွယ်လင့်တကူ သိရှိနိုင်မည်မဟုတ်ပါ။ ရှေ့နေရှေ့ရပ် တို့သာလျှင် သိရှိကြမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေကို ယနေ့ အထိ အကြိမ် (၅၀) ထက်မနည်း ပြင်ဆင်ထားကြောင်း စာရေးသူမှ လေ့လာ တွေ့ရှိရပါ သည်။

ပြင်ဆင်ချက်ပြုလုပ်ရာတွင် ပုဒ်မအဟောင်းကို ပုဒ်မ အသစ်ဖြင့် အစားထိုး၍ ပြင်ဆင် ခြင်းဖြစ်လျှင်-ဥပမာ-ပုဒ်မ ၃၁ ကို ယခုပုဒ်မ ၃၁ ဖြင့် အစားထိုးရမည်ဟု ရေးသားပြဋ္ဌာန်း လျှင် လုံလောက်ပါသည်။ သို့ရာတွင် တစ်ခါတစ်ရံ၌ ပုဒ်မ ၃၁ အောက်တွင် ပုဒ်မ ၃၁ - က ကို ထပ်မံဖြည့်စွက်ရန် ရှိလာနိုင်ပါသည်။ တစ်ခါတစ်ရံ အခန်းအသစ်တစ်ခုကို အစားထိုးဖြည့်စွက် ပြဋ္ဌာန်းရခြင်းလည်း ရှိတတ်ပါသည်။ထိုသို့ ဆိုလျှင် အစားထိုးပြဋ္ဌာန်းသည့် အခန်း အောက်တွင်ရှိသော အခန်းကို အမှတ်စဉ်ပြင်ဆင်သတ်မှတ်ခြင်း၊ ပုဒ်မများကို ပြင်ဆင်သတ် မှတ်ခြင်းများလည်း ပြုလုပ်ရပါမည်။ ဥပဒေတစ်ရပ်ကို အကြိမ်ကြိမ် ပြင်ဆင်ချက်ပြုလုပ်၍ အသက်ဝင် စေရန် ဆောင်ရွက်ရခြင်းကြောင့် မူရင်းဥပဒေနှင့် ပြင်ဆင်ချက် ဥပဒေများမှာ တစ်နေရာထဲတွင် ရှိနေမည်မဟုတ်၍ ပြန့်ကြဲလျက်ရှိ နေမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ရကား ဥပဒေတစ်ရပ်ကို ပြည့်ပြည့်စုံစုံ သိရှိနိုင်ရန် မူရင်းဥပဒေ၊ ပြင်ဆင်ချက်ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို တစ်စု တစ်စည်းတည်း လေ့လာ မှတ်သားနိုင်ပါမှ ပြီးပြည့်စုံစွာ သိရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက် ရပါသည်။

ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် နောင်အခါများတွင် ပေါ်ပေါက်လာနိုင်သည့် ပြဿနာဖြစ်ရပ်ဟူသမျှကို ခြုံငုံမိအောင်ရေးဆွဲ ပြဋ္ဌာန်းနိုင်သည်မဟုတ်ချေ။ ထိုနည်းတူ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင်လည်း ပြင်ဆင်ခြင်းမပြုရဘဲ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ အခြေအနေ အချိန်အခါနှင့် ကိုက်ညီမှုရှိစေရန်လည်းကောင်း၊ ပေါ်ပေါက်လာသော ပြဿနာများကို တရားမျှတစွာ ကုစားနိုင်ရန်လည်းကောင်းပြင်ဆင်သည့် ဥပဒေ၊ ပြင်ဆင်သည့်

နည်းဥပဒေများ၊ ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ အမိန့်နှင့် ညွှန်ကြားချက်များကို အခါ အားလျော်စွာ ပြင်ဆင်မှု ပြုရပါသည်။

သို့ဖြစ်ရာ ဥပဒေ၊ ပြင်ဆင်သည့်ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို တစ်ချိန်တည်း တစ်ခါတည်း ပြဋ္ဌာန်းခြင်း၊ ထုတ်ပြန်ခြင်း မပြုနိုင်သဖြင့် ဥပဒေမှာ ပြန့်ကြဲလျက်ရှိပါသည်။ ယင်းတို့ကို မျက်ခြေမပြတ်စုစည်း၍ လေ့လာနိုင်ပါမှာ မှန်ကန်သော အဆုံးအဖြတ် ကို ပြုနိုင် မည်ဖြစ်ပါသည်။

အတွေ့အကြုံဟူသည် ငွေနှင့်ဝယ်ယူ၍လည်း မရနိုင်ပါ။ ငွေနှင့် ချိန်စက်တိုင်းတာ၍ လည်းရနိုင်မည် မဟုတ်ပါ။ အချိန်ကာလ ကြာမြင့်စွာ အပင်ပန်းခံပြီး လေ့လာဆည်းပူးခြင်း၊ ဖြတ်သန်းခဲ့ရသော လက်တွေ့ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့်သာ ရယူနိုင်ပါမည်။

ဥပဒေတွင်ရေးသားစကားရပ်သည်တိကျရသည်။ ပြတ်သားရသည်။ တသမတ်တည်း အဓိပ္ပာယ်ကောက်ယူရသည်။ မျှော့ကြိုးကဲ့သို့ လိုက်လိုရာကို မဆွဲရပါ။ ဝေါဟာရစကားလုံး တစ်လုံးကို တစ်နေရာတွင်တစ်မျိုးခေါ်၊ တစ်မျိုးသုံး၍အခြားနေရာတွင်တစ်မျိုးခေါ်၊ တစ်မျိုးသုံးရသည်မဟုတ်ပါ။ အထူးသဖြင့် အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်သည့် စကားရပ်ကို မသုံးစွဲမိဖို့ အထူးသတိထား၍ ရေးသားရပါမည်။

ဥပဒေရေးဆွဲသူ အရာရှိသည် ဥပဒေနှင့် သက်ဆိုင်သည့် မူပိုင်းဆိုင်ရာ အချက်အလက် များကို ကောင်းစွာ သဘောပေါက် သိရှိပြီးနောက်တွင် ဥပဒေတစ်ခုလုံးကို ပုံကြမ်းလောင်း၍ ရေးသားရပါမည်။ ဥပဒေ(မူကြမ်း) ကို ကျေနပ်စွာ ရေးသားပြီးပါက (၇) ရက် ပြန်မကြည့်ဘဲ ထားလိုက်ပါ။ (၇) ရက်ပြည့်ပြီး သည့်အခါကျမှာ တစ်ကြိမ်ပြန်စိစစ်ပါက ဖြည့်စွက်ရန်၊ နုတ်ပိတ်ရန်တို့ကို မြင်တွေ့ နိုင်သည်ဟု

ဥပဒေရေးဆွဲရေးကျမ်းများ ( Text-books on legislative draftsman) ကညွှန်ပြထားပါသည်။

ဤနိဒါန်းပါ တင်ပြချက်များနှင့် တည်ဆဲဥပဒေများပါ ဥပဒေရေးထုံးရေးနည်းများကို ကျေကျေညက်ညက်လေ့လာပြီး ဥပဒေရေးဆွဲရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်သွား မည်ဆိုပါက အရည်အချင်းပြည့်မီအောင် ဥပဒေရေးဆွဲသူ (qualified legislative draftsman) တစ်ဦး ဖြစ်လာမည်မှာ ဧကန်မုချ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## (၁) ဥပဒေရေးဆွဲခြင်း အတတ်ပညာ

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတစ်နိုင်ငံ အနေဖြင့် တရားဥပဒေစိုးမိုးရေး (Rule of Law) နှင့် ရပ်ရွာအေးချမ်း သာယာရေး (Peace and tranquility) ရှိစေရန် ဥပဒေများကို ရေးဆွဲခြင်း၊ (legislative drafting) နှင့် ဥပဒေပြဋ္ဌာန်းခြင်း (legislation) တို့ကို မလွဲမသွေ ပြုလုပ်ကြရပါသည်။

ဥပဒေရေးဆွဲရာတွင်လည်း မိမိနိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေ များအပေါ်အခြေပြု၍ အခြေခံ ဥပဒေနှင့် အခြားလိုအပ်သော ဥပဒေများကို ရေးဆွဲကြရပါသည်။

ဥပဒေများသည် ယင်းနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေ နှင့် ကင်းလွတ်၍ မရနိုင်ပါ။ (legislative drafting) နှင့် ဥပဒေပြဋ္ဌာန်းခြင်း (legislation) တို့သည် တစ်နိုင်ငံ နှင့် တစ်နိုင်ငံ တူညီမှုရှိနိုင်မည် မဟုတ်ပေ။ မိမိနိုင်ငံ၏ သတ်မှတ်ချက် များနှင့် အညီ ဥပဒေရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ကြ ပါသည်။

### ဥပဒေရေးဆွဲရာတွင် လိုက်နာရမည့် ယေဘူယျမူများ

ဥပဒေအသစ်တစ်ရပ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် ယေဘူယျမူ များကို လိုက်နာရပါသည်။ ရေးဆွဲမည့် ဥပဒေမူကြမ်းသည် အခြေခံ ဥပဒေနှင့် လိုက်လျောညီထွေ ရှိစေရပါသည်။ အခြေခံဥပဒေ ၏အနှစ် သာရများ၊ အခြေခံမူများနှင့် ထိပါးခြင်း၊ ဆန့်ကျင်ခြင်း မရှိစေရန် ဂါရဝပြုမှုရပါသည်။တည်ဆဲဥပဒေများနှင့်လည်း ကွဲလွဲဆန့်ကျင်မှုမရှိ စေရန်လည်းသတိပြုရပါမည်။ ဥပဒေများရေးဆွဲခြင်း တည်ဆဲဥပဒေ များ နှင့် လုပ်ငန်းကွဲလွဲမှု မရှိစေရန် သတိပြုရပါမည်။ ပြဋ္ဌာန်းလိုသော ဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို အများပြည်သူ လွယ်လင့်

တကူ နားလည်စေရေးအတွက် တိကျပြတ်သား ရှင်းလင်းစွာ ရေးသား ရန်ကိုလည်း လိုအပ်ပါသည်။ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက် အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေနှင့် ကိုက်ညီမှု ရှိရန်လည်း လိုအပ်ပါသည်။

ဥပဒေမူကြမ်းတစ်ရပ်ကို ရေးဆွဲရာတွင် လက်ရှိရေးဆွဲလျက် ရှိသော မူအရ ယေဘူယျ အားဖြင့် အောက်ပါအချက်များ ပါဝင်လေ့ရှိ ပါသည် -

(က) ဥပဒေအမည်၊

(ခ) နိဒါန်း သို့မဟုတ် ကျိုးကြောင်းဖော်ပြချက်၊

(ဂ) အဓိပ္ပါယ်ဖော်ပြချက်၊

(ဃ) ဥပဒေစာကိုယ်ပုဒ်များ၊

(င) ခေါင်းစီး၊

(စ) အထွေထွေ။

**(က) ဥပဒေအမည်**

ဥပဒေတစ်ရပ်ကို ရှေးဦးစွာ အမည်ပေးရပါသည်။ ဥပဒေ တစ်ရပ်၏ အမည်သည် ယင်းဥပဒေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အမည်သည် ဥပဒေ၏ အဓိကကိစ္စကို ညွှန်ပြသည်။ သို့ရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆီလျော်မည့် အမည်ကိုပေးရန် သတိချပ် သင့်ပါသည်။ ဥပဒေ၏ အမည်သည် အဓိပ္ပါယ်နှစ်ခွ ထွက်သော အမည်မျိုးမဖြစ်စေသင့်ပါ။ ဥပဒေတစ်ရပ်ကို အမည်ပြင် ပြဋ္ဌာန်းသော ခုနှစ်နှင့် ဥပဒေအမှတ်တို့ကို ကွင်းစကွင်းပိတ်ဖြင့် ဖော်ပြထားပါသည်။ သို့သော် ဥပဒေအမည်၏ ရှေ့တွင် ခုနှစ်ထည့်သွင်းရေးသားခြင်း မပြု တော့ပါ။

**(ခ) နိဒါန်း သို့မဟုတ် ကျိုးကြောင်းဖော်ပြချက်**

တည်ဆဲဥပဒေအချို့တွင် ဥပဒေနိဒါန်း သို့မဟုတ် ကျိုးကြောင်း

ဖော်ပြချက်ကို ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ယင်းဥပဒေကို ပြဋ္ဌာန်းရခြင်း ဖြစ်သည်ကို နိဒါန်းဖြင့်လည်းကောင်း၊ ကျိုးကြောင်းဖော်ပြချက်ဖြင့် လည်းကောင်း ဖော်ပြလေ့ရှိပါသည်။ သို့မှသာယင်းဥပဒေ၏ရည်ရွယ်ချက်ကိုသဘောပေါက်နားလည်မည်ဖြစ်ပါသည်။ အဓိပ္ပါယ်ဖွင့်ဆိုရန်လည်း လွယ်ကူမည်ဖြစ် ပါသည်။

ဥပဒေတစ်ရပ်၏နိဒါန်းသည် အဓိပ္ပါယ်ဖွင့်ဆိုရာ၌ များစွာအထောက်အကူ ပြုစေသည် မှန်သော်လည်း ဥပဒေတစ်ခုလုံးကို ခြုံငုံမိစေရန် နိဒါန်းကို ပြည့်ပြည့်စုံစုံ ရေးသားနိုင်မည် မဟုတ် အလျောက်နောက်ပိုင်းဥပဒေများတွင် နိဒါန်းနှင့် ကျိုးကြောင်းဖော်ပြချက်များကို ထည့်သွင်းရေးသား လေ့မရှိတော့ပေ။

### (ဂ) အဓိပ္ပါယ်ဖော်ပြချက်

ဥပဒေတစ်ရပ်နိဒါန်းပြီးနောက် အဓိပ္ပါယ်ဖော်ပြချက်အဆင့်လာပါသည်။ ရှေ့ဦးဤဥပဒေကို မည်သို့ ခေါ်တွင်စေရမည်ဟု ဖော်ပြလေ့ရှိပါသည်။ ဥပမာ- ဤဥပဒေကို ငါးမွေးမြူခြင်း ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်ဟု ရေးသားသည့်နည်းမျိုးဖြစ်ပါသည်။

တည်ဆဲဥပဒေအချို့တွင် ဥပဒေ၏ အာဏာသက်ရောက်မှုနယ်မြေအပိုင်းအခြားနှင့် စတင်အာဏာတည့်ရမည့်ကာလကို ဖော်ပြလေ့ရှိပါသည်။ ဥပမာအားဖြင့် ဤဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ချက်ချင်းအာဏာတည်ရမည်ဟု ရေးသားနည်းဖြစ်ပါသည်။ သို့မဟုတ်ပါက ဤဥပဒေသည် အမိန့်ထုတ်ပြန်၍ အချိန်ကာလအပိုင်းအခြားဖြင့် ခြွင်းချက် ပေးထားသော နယ်မြေဒေသများမှတစ်ပါး မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ချက်ချင်းအာဏာတည်ရမည်ဟုလည်း ပြဋ္ဌာန်းသည်လည်းရှိပါသည်။ နယ်မြေဒေသ၊ ကာလအပိုင်းအခြား စသည့် ခြွင်းချက်များ မပါရှိလျှင် မြန်မာနိုင်ငံတစ်ဝန်း

လုံး၌ အာဏာတည်စေရမည်ဟုပင် အဓိပ္ပါယ် သက်ရောက်ပါသည်။ တစ်နိုင်ငံ လုံးဟုမထည့်ဘဲချက်ချင်းအာဏာတည်ရမည်ဆိုလျှင်လည်း တစ်နိုင်ငံ လုံးကို ဆိုလိုခြင်းဖြစ်သည်။ အဓိကအချက်မှာ ဥပဒေပြု အာဏာပိုင်အဖွဲ့၏ ဆန္ဒသဘောထား အတိုင်းဘောင်ဝင်အောင် ရေးသား ရန်ဖြစ်သည်။နောက်ပိုင်းဥပဒေများတွင် အာဏာသက်ရောက် သော နယ်မြေအပိုင်းအခြား နှင့် စတင်အာဏာတည့်ရမည့် ကာလကို ဖော်ပြခြင်း မပြုတော့ပါ။ ဖော်ပြရန် လိုအပ်သော ဥပဒေတွင်သာ အာဏာသက်ရောက် ရမည့် နယ်မြေအပိုင်းအခြားနှင့် စတင်အာဏာ တည်ရမည့် အချိန်ကာလကို ဖော်ပြရန်ဖြစ်ပါသည်။ လိုအပ်သည့် ကိစ္စအချို့တွင် ဥပဒေကို နောက်ကြောင်းပြန်၍ မည်သည့် နေ့ရက်မှ စတင်၍ အာဏာသက်ရောက်စေရမည်ဟု ပြဋ္ဌာန်းသည့် ဥပဒေလည်း ရှိတတ်ပါသည်။ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်သည့်နေ့မှ စတင်၍ အာဏာ သက်ရောက် ရမည် ဟု ပြဋ္ဌာန်းသည့် ဥပဒေများ လည်း ရှိပါသည်။

ဥပဒေတစ်ရပ်တွင် အာဏာသက်ရောက်သည့်နေ့ကို အတိအလင်း ထည့်သွင်းမထားလျှင် ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ ဥပဒေပုဒ်မ ၁၃ အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကြေညာသည့်နေ့ရက်တွင် အာဏာသက်ရောက် သည်ဟု မှတ်ယူရမည်။ ထို့အတူ အာဏာသက်ရောက်ရမည့် နယ်မြေအကျယ်အဝန်း တစ်စုံတစ်ရာ မဖော်ပြခဲ့သော် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာတည်သည်ဟု မှတ်ယူရမည်။

ထို့နောက် ဥပဒေပါ စကားရပ်များကို အဓိပ္ပါယ်ဖော်ပြလေ့ ရှိပါသည်။ ဥပဒေတွင် သုံးနှုန်းမည့် ဝေါဟာရများ မည်ကဲ့သို့ အဓိပ္ပါယ် ကောက်ယူရမည်ကို ကြိုတင်ရှင်းလင်းထားခြင်း ဖြစ်သည်။ ဤနေရာ၌

၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေကိုလည်း ဂရုပြုသင့်သည်။ ဥပဒေအချို့တွင် ဝေါဟာရများကို သီးခြားအဓိပ္ပါယ် ဖွင့်ဆိုခြင်း မပြုတော့ဘဲ စကားရပ်များ အနက် အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေမှာကဲ့သို့လည်းကောင်း၊ အခြားဥပဒေတစ်ရပ်တွင် ပါရှိသော အလားတူ ဝေါဟာရနှင့်လည်းကောင်း တူညီပေသည်ဟု ညွှန်း၍ ရေးသားနိုင်သည်။ ဖြစ်နိုင်လျှင်မူ အခြားဥပဒေ တစ်ရပ်ရပ်တွင် ပါဝင်သည့် စကားရပ်ကို ရည်ညွှန်း၍ အဓိပ္ပါယ်မဖွင့်ဆိုသင့်ပါ။

ဥပဒေအစပိုင်းတွင် ဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုပြ ထားခဲ့ရာဥပဒေတစ်ရပ်လုံးတွင်ယင်းဝေါဟာရထပ်မံတွေ့ရှိလျှင် ဖော်ပြ ထားသကဲ့သို့ အဓိပ္ပါယ်ကောက်ယူ ရမည်ဟု ဆိုလိုရင်းဖြစ်သည်။ စကားရပ်တစ်ခုကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် မိမိဆိုလိုသော ကိစ္စများ အားလုံး ပါဝင်ရန် လိုအပ်လျှင် အားလုံးပါဝင်အောင် ဖော်ပြရမည်။ သို့မဟုတ် မည်သို့သောအခြားအရာအခြေအနေကို ဆိုလိုကြောင်း ဟာကွက် မရှိအောင် ရေးသားရန် လိုအပ်ပါသည်။

ဥပမာ - ကျွဲ၊ နွား တိရစ္ဆာန်ဆိုသည့် ဝေါဟာရကို အဓိပ္ပါယ် ဖွင့်ဆိုလျှင် ကျွဲ၊ နွား၊ တိရစ္ဆာန် ဆိုသည်မှာ နွားသို၊ နွားသင်း၊ နွားမ၊ နွားကလေး၊ ကျွဲထီး၊ ကျွဲမ နှင့် ကျွဲကလေးများကို ဆိုသည်ဟု တိကျစွာ ရေးသင့်သည်။ " ကျွဲမနှင့် ကျွဲကလေးအစရှိသော" ဟု မသေချာသော စကားလုံးမျိုး မသုံးသင့်ချေ။ အကယ်၍ ကျွဲ၊ နွား တိရစ္ဆာန်ထဲတွင် သိုး၊ ဆိတ်၊ ကုလားအုပ်၊ လား၊ မြည်းတို့ကို ထည့်သွင်းလိုလျှင်လည်း ယင်းအမည်များကို တိကျစွာ ထည့်သွင်းရေးသားရမည်။ အကြောင်း ခြင်းရာကို ဟာကွက်မရှိရအောင် ရေးရပါမည်။ ဥပမာ- ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၅၃-က အမျိုးအစား တစ်ခုနှင့်တစ်ခု ရန်ငြိုးထားစေရန် အားပေးအားမြှောက်ပြုခြင်းအကြောင်းကို ရေးသားရာတွင် " မည်သူ မဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှား

သော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတစ်ခုနှင့် တစ်ခု ရန်ငြိုးစိတ် ထားအောင် သော်လည်းကောင်း၊ မုန်းတီးစိတ်ထား အောင်သော် လည်းကောင်း၊ အားပေးအားမြှောက်ပြုလျှင် သို့တည်း မဟုတ် ထိုသို့ အားပေးအားမြှောက်ပြုရန် အားထုတ်လျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည် " ရေးသားထားသည့် ပုံစံမျိုး ဖြစ်သည်။

သို့ရာတွင် လူအများ သိရှိနားလည်ပြီးဖြစ်သော စကားရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း မပြုတော့ပါ။ စကားရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် သဘာဝကျကျ၊ နေ့စဉ်သုံး အဓိပ္ပါယ်ကို ခြုံငုံမိအောင် အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်ပါသည်။

**(ဃ) ဥပဒေစာကိုယ်ပုဒ်များ၊**

စင်စစ်အားဖြင့် ဥပဒေတစ်ရပ်ရပ်တွင် အစမှအဆုံး အားလုံး စာကိုချည်းဖြစ်ပါသည်။ နိဒါန်း တခြား၊ အဓိပ္ပါယ်ဖော်ပြချက်တခြားဟု သီးခြားခွဲထုတ်၍ မရချေ။ အားလုံးသော အဆစ်အပိုင်းများသည် ဥပဒေတစ်ရပ်၏ အင်္ဂါစုချည်းဖြစ်သည်။ ဤနေရာ၌ ဥပဒေစာကိုယ်ဟု ခွဲခြားရေးသားခြင်းမှာ မှတ်ရလွယ်ကူစေရန် အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အကြမ်းဖျင်း ခေါင်းစည်းတပ်ပေးထားရုံမျှ သာဖြစ်ပါသည်။

ဥပဒေကို စတင် ရေးဆွဲလာစဉ်ကပင် အခန်းများ ခွဲခြားထားပြီးလျှင် အခန်းတစ်ခုစီအောက်တွင် ခေါင်းစီးတစ်ခုစီဖြင့် ရေးသားရမည်ဆိုသည့်အချက်မှာ အငြင်းပွားစရာမလိုသော အချက်ပင်ဖြစ်၏။ သို့ရာတွင် ဥပဒေစာကိုယ်ကို ရေးသားမည့်အခါ အခန်းခွဲရန်နှင့် ခေါင်းစီးတပ်ရန် ကိစ္စများကိုပါ ပုံကြမ်းလောင်းထားသင့်သည်။ ဥပဒေ

ရေးဆွဲသူသည် အစကနဦးကပင် မိမိရေးဆွဲမည့်ဥပဒေတွင် အခန်း မည်မျှခွဲမည်၊ ခေါင်းစီ မည်သို့ ပေးမည်ဟု သတ်မှတ်လျာထားသင့် ပေသည်။

အခန်းတစ်ခုကို ခေါင်းစီးတစ်ခုပေးထားလျှင် ထိုခေါင်းစီးသည် ယင်းအခန်းတွင် ပါဝင်မည့် အဓိကအချက်ကြီးကို ဖော်ညွှန်းပေသည်။ ထိုအခန်း၌ ထိုခေါင်းစီးနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို ပြည့်ပြည့် စုံစုံ ရေးသားရန်ဖြစ်သည်။ သို့ရာတွင် ခေါင်းစီးသည် ဥပဒေပါ စကားရပ်၏ တစ်စိတ်တစ်ဒေသ မဟုတ်ကြောင်းကို သိထား သင့်ပေသည်။ ခေါင်းစီးအောက်တွင် ပြဋ္ဌာန်းချက်များကို အကန့်အကန့် ပုဒ်မများတပ်၍ ရေးသားရပေမည်။ ပုဒ်မတစ်ခုတွင် တစ်ခုအတွက် ပြဋ္ဌာန်းလိုသော အချက်အလက်များ ပြည့်စုံစွာ ပါဝင်ရမည်။ ဝါကျ တိုတိုနှင့် လိုရင်းကို ရေးသား၍ ပြီးပြည့်စုံလျှင် အကောင်းဆုံးဖြစ်၏။ ဝါကျရှည်လွန်းလျှင် လိုရင်းပျောက်သွားတတ်သည်။ ဝါကျတိုတိုနှင့် ရေး၍ မပြည့်စုံနိုင်လျှင် ပုဒ်မခွဲ၊ အပိုဒ်၊ အပိုဒ်ငယ်များ ခွဲ၍ ရေးသား သင့်သည်။ ပိုမို၍ ရှင်းလင်းသွားစေရန် ပုဒ်မတစ်ခုအောက်တွင် ရှင်းလင်းချက်ဟု ခေါင်းစဉ်ငယ်ဖြင့် သီးခြားရေးသားလိုကလည်း ရေးနိုင်ပေသည်။ အချို့ကိစ္စများတွင်ခြွင်းချက်ကို ဝါကျတွင် ထည့်သွင်း ရေးသားသည်ထက် အဓိကကိစ္စများကို ရေးသားပြီးနောက်မှ ကင်းလွတ်ချက် သို့မဟုတ် ခြွင်းချက်ဟု သီးခြားရေးသားသည်က ပိုမို သင့်မြတ်ပေသည်။ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး)နှင့် ၁၉၇၃ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေတွင် ဤပုံစံမျိုးဖြင့် ရေးသားထားသော ပုဒ်မများကို တွေ့ရပေသည်။

ပုဒ်မတစ်ခုတွင် အဓိကအချက်ကို ရှေးဦးစွာ ရေးသားရမည်။ ခြွင်းချက်ထည့်သွင်းလိုက အဓိကအချက်ကို ရေးသားပြီးမှ ခြွင်းချက် ကို ထည့်သွင်းရမည်။ အထူးဂရုပြုရန်မှာ ခြွင်းချက်အတွင်း၌ ထပ်မံ

ခြွင်းချက်ပေးသော ရေးသားချက်က ပို၍ ထိရောက်ပေသည်။

ဥပမာအားဖြင့် သမဝါယမအသင်းတစ်ခု၏ စည်းမျဉ်းဥပဒေတွင် " အလုပ်အမှုဆောင်အစည်းအဝေးကို တစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ လိုအပ်သည့်အခါ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။ အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ၃ ဦးက လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် အလုပ်အမှုဆောင်အဖွဲ့၏ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်" ဟု ရေးသားရာ၌ " တစ်လလျှင် တစ်ကြိမ် ကျင်းပရမည်" ဆိုသည်မှာ အဓိကအချက်"မူ" ဖြစ်သည်။ "လိုအပ်သည့်အခါ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်" ဆိုသည်မှာ ပထမခြွင်းချက်ဖြစ်သည်။ နောက်ဝါကျတွင် "အကယ်၍ အလုပ်အမှုဆောင် ၃ ဦးက လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင် အလုပ်အမှုဆောင် အဖွဲ့၏အထူးအစည်းအဝေးကို ခေါ်ယူကျင်းပရမည်" ဟု ရေးသားထားလျှင် ထိုဝါကျသည် အထူးအစည်းအဝေးကို ခေါ်ယူရန်အတွက် ခွင့်ပြုသော ခြွင်းချက်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ယင်းဝါကျ၌ " ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့်" ဆိုသော စကားနှင့် " ခေါ်ယူကျင်းပနိုင်သည်" ဆိုသောစကားရပ်များ ထည့်သွင်းထားသဖြင့် ဝါကျတစ်ခုလုံးကို ခြုံ၍ ခြွင်းချက်ပါအခွင့်အရေးကို အမှုဆောင်အဖွဲ့ဝင် ၃ ဦးအားပေးထားခြင်း မဟုတ်ဘဲ ဥက္ကဋ္ဌသို့ ပြန်လည်ပေးထားကြောင်း ပေါ်လွင်ပါသည်။ ထို့အပြင် " နိုင်သည် " ဆိုသော စကားရပ်ပါလာသဖြင့် အစည်းအဝေးကို မုချခေါ်ပေးရမည်ဟု အဓိပ္ပါယ်သက်ရောက်နေသည်။ ဤသို့သော ကိစ္စရပ်မျိုးတွင် ဆိုလိုရင်း အနှစ်သာရအတိုင်း ရေးသားမည်ဆိုလျှင် " အထူးအစည်းအဝေးများကို ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့်သာ ခေါ်ယူကျင်းပရမည်" ဟု ဖြစ်လာပေလိမ့်မည်။

အချို့ဥပဒေများတွင် ဥပမာများတွင် ဥပမာများကို လိုအပ်

သည့်နေရာများ၌ ထည့်သွင်း ရေးသားလေ့ရှိသည်။ ဥပမာများသည် ဥပဒေပြဋ္ဌာန်းချက်ကို ပိုမိုရှင်းလင်းသည်ထက် ရှင်းလင်းစေရန် အထောက်အကူပြုပေသည်။

ဥပမာတစ်ခုထည့်သွင်းရေးသားလိုက်လျှင် ထိုဥပမာသည် ပြဋ္ဌာန်း ချက်နှင့် အံဝင်ခွင်ကျဖြစ်ရန်လိုပါသည်။ ထို့ကြောင့် ဥပဒေရေးဆွဲ ရာတွင် ဥပမာများကို ထည့်သွင်းမှ ဖြစ်မည်ဟု သဘောမထားဘဲ ဥပဒေစာကိုယ်ကို ဖတ်ရှုရုံဖြင့် နားလည်နေရန် ရေးသားနိုင်ရန် အကောင်းဆုံးဖြစ်သည်။ ယခုအခါတွင် ဥပမာများ ထည့်သွင်း ရေးဆွဲ သော ဥပဒေရေးထုံးကိုကျင့်သုံးခြင်း မရှိတော့ပါ။

ဥပဒေရှိလျှင် ခြွင်းချက်ရှိစမြဲပင်ဖြစ်သည်။ ထို့ကြောင့် "ခြွင်းချက်မပါလျှင် ဥပဒေ မမြောက်" ဆိုရိုးစကားရှိသည်။ ဥပဒေ တစ်ရပ်တွင် ခြွင်းချက်ပါဝင်လာလျှင် အထူးဂရုစိုက်၍ ရေးဆွဲရ ပေမည်။ ပုဒ်မအသီးသီးတွင် ပါဝင်သော စကားအသုံးအနှုန်း ဝေါဟာရ နှင့် အစီအစဉ်တို့သည် သီးခြား အဓိပ္ပါယ်ကို မဆောင်လိုပါက တပြေး တညီတည်း ဖြစ်လျှင် အကောင်းဆုံးဖြစ်သည်။ ရှေ့စကား၊ နောက် စကား မညီညွတ်ခြင်း၊ နောက်ရေးသားထားသော ပုဒ်မနှင့်ကွဲလွဲခြင်း စသော အရေးအသားများကို ရှောင်ရှားရပါသည်။

ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် တွေ့ကြုံတတ်သော ခြွင်းချက် များမှာ အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း ၁၀ မျိုးရှိပါသည် -

(၁) ဥပဒေ၏ရည်ရွယ်ချက်ကို ကန့်သတ်ပေးသောခြွင်းချက်၊

(၂) ဥပဒေ၏အာဏာစက်နယ်ပယ်ကို ကန့်သတ်ပေးသော ခြွင်းချက်၊

(၃) အသက်အရွယ်ကို ကန့်သတ်ပေးသောခြွင်းချက်၊

(၄) အကြောင်းခြင်းရာ ပေါ်ပေါက်တတ်သော အခြေအနေကို

တောက်ရှု၍ ကန့်သတ်ပေးသောခြွင်းချက်၊

(၅) အချိန်ကာလစည်းကမ်းသတ်မှတ်မှုနှင့် သက်ဆိုင်သော ခြွင်းချက်၊

(၆) ရှိရင်းစွဲဥပဒေတစ်ရပ်ရပ်နှင့်ဆက်စပ်နေသဖြင့် ရှင်းလင်းစေရန် ပြဋ္ဌာန်းသော ခြွင်းချက်၊

(၇) လုပ်ထုံးလုပ်နည်းနှင့် ပတ်သက်သော ခြွင်းချက်၊

(၈) အခွင့်ထူးရရှိသောပုဂ္ဂိုလ်များနှင့်ပတ်သက်သော ခြွင်းချက်၊

(၉) အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည့် သဘောရောက်ရှိနေသော ကိစ္စများအတွက် ခြွင်းချက်၊

(၁၀) လွတ်ငြိမ်းချမ်းသာခွင့်၊ပြစ်ဒဏ်ရပ်ဆိုင်းထားခွင့်၊လျှော့ပေါ့ ခွင့်၊ ပယ်ဖျက်ခွင့် စသည်တို့ကဲ့သို့ သီးခြားထုတ်ပြန်ပေးသော ခြွင်းချက်၊

ဥပဒေတစ်ရပ်ရပ်ကို ရုပ်သိမ်းပယ်ဖျက်လိုက်လျှင် ထိုဥပဒေဖြင့် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲဖြစ်သော ကိစ္စများ ပျယ်ပြယ်ခြင်း မရှိလေအောင် နောက်ပြုသော ဥပဒေတွင် ခြွင်းချက်စကားရပ် ထည့်သွင်းပေးလေ့ရှိသည်။

ပြဋ္ဌာန်းချက်တစ်ခုအတွက် ပေးထားသော ခြွင်းချက်သည် အခြား ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိပေ။ ထိုခြွင်းချက်သည် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ခု၏ အစိတ်အပိုင်းဖြစ်သည်။ ပုဒ်မတစ်ခုတွင် ခြွင်းချက်ပါရှိလျှင် ထိုပုဒ်မနှင့် ထိုခြွင်းချက်ပေါင်းစပ်မှသာလျှင် ယင်းပုဒ်မတစ်ခုလုံး၏ ပြဋ္ဌာန်းချက် ပြည့်စုံသည်ဟု မှတ်ယူရေးသာရပေမည်။

**(င) ခေါင်းစီး၊**

ဥပဒေရေးဆွဲရာတွင် အခန်းတစ်ခုကို ခေါင်းစီးတစ်ခုတပ်၍ ရေးသားရပါသည်။ ခေါင်းစီးသည် ဥပဒေတစ်ရပ်၏ အစိတ်အပိုင်း ဖြစ်၍ သက်ဆိုင်ရာ အခန်းနှင့် ပုဒ်မ၏ ဦးတည်ချက်ကို ဖော်ပြခြင်း ဖြစ်သည်။ သို့ရာတွင်ခေါင်းစီးသည် ဥပဒေပြဋ္ဌာန်းချက်ကို ဆောင်ခတ်ခြင်း၊ လွှမ်းမိုးခြင်း၊ မပြုနိုင်ပါ။ ဥပဒေရေးဆွဲစဉ်က ခေါင်းစီးကို တရားသေ ရေးသားပြီးယင်းအောက်တွင် ဥပဒေကို ဘောင်ဝင်အောင် ရေးဆွဲ ထားခြင်း မဟုတ်ပေ။ ဥပဒေပြဋ္ဌာန်းလိုသော အကြောင်းကိစ္စ များကို ရေးသားပြီးသည့် နောက်မှ ထိုပြဋ္ဌာန်းချက်များနှင့်အညီ ခေါင်းစီးကို သင့်သလို ကြံဆရေးသားထားခြင်းသာဖြစ်သည်။ အကယ်၍ ခေါင်းစီးကို အစကနဦး ရေးသားထားလျှင်လည်း ပြဋ္ဌာန်းချက်များ ရေးသားပြီးသည့်အခါ ခေါင်းစီးကို ပြဋ္ဌာန်းချက်နှင့် အညီ ဆီလျော် အောင်ပြင်ဆင်ရေးသားရမည်သာဖြစ်သည်။ ခေါင်းစီး ပါရှိသဖြင့် ဥပဒေကို လေ့လာရာတွင် ကတ္တားခြား၍ မှန်သားလေ့လာနိုင်သည်။ ထို့အတူ အလိုရှိသော ပုဒ်မကို ရှာဖွေရာတွင် ခေါင်းစီးသည် အညွှန်း မာတိကာသဖွယ် အထောက်အကူ ပြုပေသည်။ ရှေ့က ရေးဆွဲထား သောဥပဒေများတွင်ခေါင်းစီးအပြင်ဘေးမှတ်ချက်ကိုလည်း ထည့်သွင်း ရေးသားလေ့ ရှိသည်။ ဘေးမှတ်ချက်မှာ ပုဒ်မတစ်ခုစီ၏ ဘေး၌ ပြဋ္ဌာန်းချက်၏ ရည်ရွယ်ချက်ကို မှတ်ချက်သဖွယ် တိုတိုရေးသား ထားသော စာတန်းပင် ဖြစ်သည်။ ယခုနောက်ပိုင်း၌ ရေးဆွဲထားသော ဥပဒေများတွင် ဘေးမှတ်ချက်များ မပါရှိတော့ပေ။

**(စ) အထွေထွေ။**

ဥပဒေ၏နောက်ဆုံး၌ အထွေထွေကိစ္စများကို အခန်း တစ်ခန်း ဖွင့်၍ ရေးသားထည့်သွင်း လေ့ရှိသည်။ အထွေထွေအခန်း၌ ရှေ့အခန်း

များတွင် မပါရှိသေးသော ပြဋ္ဌာန်းလိုသည့် အချက်များကို ထည့်သွင်း ရေးသားလေ့ရှိသည်။ တစ်နည်းအားဖြင့်ဆိုလျှင် ရှေ့အခန်းများပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ရိုက်ဆက်နွယ်ခြင်း မရှိသော သီးခြား ပုဒ်မများတပ်၍ နောက်ဆုံးအခန်း၌ ဖော်ပြခြင်း ဖြစ်ပါသည်။

အထွေထွေအခန်းတွင်ဤယခုပြဋ္ဌာန်းသောဥပဒေဖြင့်မည်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ ကြေညာချက် စသည်တို့ကို ရုပ်သိမ်းလိုက်ကြောင်း ရေးသားနိုင်ပါသည်။ ထုတ်ပြန်သည့် ဥပဒေ အသစ်အရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ အမိန့် ကြော်ငြာစာများကို ဥပဒေအသစ်နှင့် မဆန့်ကျင့်သရွေ့ ကျင့်သုံးနိုင် သည်ဟု ရေးသားနိုင်ပါသည်။

တစ်ခါတစ်ရံတွင် ရုပ်သိမ်းပြီးသော ဥပဒေ အာဏာတည်ဆဲ အချိန်၌ ယင်းဥပဒေအရ ကျူးလွန်ခဲ့သောပြစ်ဒဏ်တစ်ရပ်ကို ယခင် ဥပဒေနှင့်ပင် အရေးယူရမည်လော သို့မဟုတ် နောက်ထပ်ပြဋ္ဌာန်းသည့် ဥပဒေနှင့် အရေးယူရမည်လော စသည့်ပြဿနာရပ်များကို ဥပဒေ၏ ရည်ရွယ်ချက်နှင့်အညီ ရေးဆွဲရန် လိုအပ်လာပါသည်။ ထိုကိစ္စမျိုးများ ရှင်းလင်းစေရန် အထွေထွေ အခန်းတွင် တိကျပြတ်သားစွာ ထည့်သွင်း ရေးသားရပါမည်။

**ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် ဖြစ်ပေါ်နိုင်သည့်အခြေအနေ**

ဥပဒေအသစ်တစ်ရပ်သည် အောက်ပါအခြေအနေမျိုး ၃ မျိုး အပေါ်မူတည်၍ ရေးဆွဲပြဋ္ဌာန်းရန် ဖြစ်ပေါ်လာနိုင်ပါသည် -

(က) တည်ဆဲဥပဒေတစ်ရပ်သည်နိုင်ငံတော်နှင့် အများပြည်သူ အတွက် အကျိုးမရှိခြင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီ မှုမရှိတော့ခြင်း၊ တည်ဆဲ ဥပဒေကို ရုပ်သိမ်း၍ ဥပဒေ အသစ်တစ်ရပ် ရေးဆွဲ ပြဋ္ဌာန်းရန်လိုသဖြင့် ရေးဆွဲ

ရခြင်း၊ ဥပမာ - ကူးစက် ရောဂါများ ကာကွယ် နှိမ်နင်းရေးဥပဒေ၊

(ခ) နိုင်ငံတော်က ကျင့်သုံးသော ဈေးကွက်စီးပွားရေးစနစ် နှင့် လိုက်လျော ညီထွေ ရှိစေရေးအတွက် သီးခြားဥပဒေ အသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် လိုသဖြင့် ရေးဆွဲ ရခြင်း၊ ဥပမာ- ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြုပ်နှံမှု ဥပဒေ၊

(ဂ) မြန်မာနိုင်ငံကပါဝင်လက်မှတ်ရေးထိုးခဲ့သော ကုလသမဂ္ဂ ကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်း ရန် လိုသဖြင့် ရေးဆွဲရခြင်း။ ဥပမာ - မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်ဥပဒေ။

ယင်းကဲ့သို့ ဥပဒေအသစ်များကို ရေးဆွဲရာတွင် အောက်ပါ နည်းလမ်းနှစ်သွယ်ဖြင့် ဥပဒေ ရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက် ပါသည် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေမူကြမ်းကို ရေးဆွဲပြီး ပေးပို့သဖြင့် လက်ခံစိစစ် ရေးဆွဲခြင်း၊

(ခ) နိုင်ငံတော်အကြီးအကဲက တိုက်ရိုက် တာဝန်ပေးအပ် သဖြင့် တာဝန်ယူ ရေးဆွဲရခြင်း။

**မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့သော ကုလသမဂ္ဂကွန်ဗင်းရှင်း များနှင့်အညီ ဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အချုပ်အခြာ အာဏာတစ်ရပ်လုံးကို တာဝန်ယူကျင့်သုံး

ရာ၌ ဥပဒေပြုအာဏာဖြင့် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိမည့် ဥပဒေအသစ်များကို ပြဋ္ဌာန်းခြင်း၊ မဆီလျော်တော့သည့် ဥပဒေများကို ရုပ်သိမ်းခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်လျှက် ရှိပါသည်။ ထို့အပြင်မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ် ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၏ ဆုံဖြတ်ချက်များ၊ ပြဋ္ဌာန်းချက်များနှင့် အညီ ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါသည်။ ယင်းတို့ အနက် ထင်ရှားသော သာဓကအချို့မှာ -

**(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့်အညီ ပြဋ္ဌာန်းခြင်း**

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅/၇၄)ကို ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် UN Convention Against Illicit on Narcotic Drugs and Psychotropic Substances, 1988 ကို အပိုဒ် ၆ နှင့် အပိုဒ် ၃၂ (၂) (၃) တို့ကို ခြွင်းချက်ပြုလျှက် လက်မှတ်ရေးထိုးပါဝင်ခဲ့ပါသည်။ သို့ဖြစ်၍ အဆိုပါ ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များမှ နိုင်ငံအတွက် လိုအပ်ချက်များကို ထည့်သွင်းရန် လိုအပ်လာခြင်း၊ ၁၉၇၄ ခုနှစ်ဥပဒေကို လက်တွေ့ကျင့်သုံးခဲ့ရာမှ တွေ့ကြုံရသော အခက်အခဲများ၊ ဟာကွက်ပျော့ကွက်များကို ဖြည့်စွက်ရန် လိုအပ်လာခြင်းတို့ကြောင့် ဥပဒေများ စိစစ်ရေးဗဟိုအဖွဲ့သည် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းရေးဆွဲပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ (ဥပဒေအမှတ် ၁/၉၃) ကို အသစ်ပြဋ္ဌာန်း ခဲ့ပါသည်။ထို့အပြင်

မြန်မာနိုင်ငံသည် အောက်ပါ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ရပ်ကို လည်း လက်ခံ အတည်ပြုခဲ့ပါသည် -

(၁) Single Convention on Narcotic Drugs, 1961

(၂) Convention on Psychotropic Substances, 1971

**(ခ) ကလေးသူငယ်ဥပဒေကို ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ သဘောတူ စာချုပ်နှင့်အညီပြဋ္ဌာန်းခြင်း**

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀-၁၁-၁၉၈၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်း ခဲ့သော The UN Convention on the Rights of the Child ကို မြန်မာနိုင်ငံက ၁၆-၇-၁၉၉၁ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့နောက် ရှေ့နေချုပ်ရုံးနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများ ရန်ပုံငွေ အဖွဲ့ (UNICEF) တို့ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့် အမျိုးသားဆွေးနွေးပွဲတစ်ရပ်ကို ၂၁-၁-၁၉၉၂ ရက်နေ့မှ ၂၄-၁-၁၉၉၂ ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲမှ ဆုံးဖြတ်ချက် (၁၁) ရပ်ချမှတ်ခဲ့ရာတွင် ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ သဘောတူ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေတစ်ရပ်ရေးဆွဲရန် ရည်မှန်းချက်ပါရှိခဲ့ပါသည်။ သို့ဖြစ်၍ အဆိုပါ သဘောတူ စာချုပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ အကောင်အထည် ဖော်နိုင်ရန် နိုင်ငံတော်၏ ပြောင်းလဲ လာသော အခြေအနေများနှင့် လိုက်လျောညီထွေ ရှိစေရန် ကလေး သူငယ် ဥပဒေ (ဥပဒေအမှတ် ၉/၉၃) ကို အသစ်ရေးဆွဲ ပြဋ္ဌာန်း ခဲ့ပါသည်။

**တစ်ဆင့်ခံ ဥပဒေပြုပိုင်ခွင့် အာဏာလွှဲအပ်ခြင်း ( Delegated Legislation)**

ဥပဒေ၌ မူပိုင်းဆိုင်ရာ အချက်အလက်များ၊ အဓိကပါဝင်ရမည့် အကြောင်းအရာများကိုသာ ထည့်သွင်းရေးသားလေ့ရှိပါသည်။ ဥပဒေကိုလက်တွေ့ အကောင်အထည်ဖော်ရာတွင် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကို ဥပဒေနှင့် လိုက်လျောညီထွေဖြစ်အောင် ဥပဒေကို ကိုင်တွယ်ကျင့်သုံးသော ဌာနက ရေးဆွဲ ထုတ်ပြန်ရပါသည်။ သို့ဖြစ်၍ တစ်ဆင့်ခံ ဥပဒေပြုပိုင်ခွင့်အာဏာကို မည်သည့်ဌာန၊ အဖွဲ့အစည်းသို့ လွှဲအပ်ကြောင်းကို ဥပဒေ၌ ထည့်သွင်းဖော်ပြရပါသည်။ တစ်ဆင့်ခံ ဥပဒေပြုပိုင်ခွင့်အာဏာ လွှဲအပ်ခြင်း ခံရသော ဌာနသည် ဥပဒေကို ကျော်လွန်၍ ဥပဒေတွင် မပါရှိသော မူပိုင်းဆိုင်ရာ အကြောင်းအရာများကို ဖြည့်စွက်ပြဋ္ဌာန်းပိုင်ခွင့် မရှိကြောင်း သတိပြုသင့်သည်။

**ဥပဒေများကို ရှင်းလင်းတိကျစွာရေးသားရန် လိုအပ်ခြင်း**

ဥပဒေများကို တိုတောင်းသော အချိန်ကာလအတွင်း ရေးဆွဲရခြင်းကြောင့်လည်းကောင်း၊ ဥပဒေရေးဆွဲသူ (Legislative Draftsman ) သည် မိမိသိရှိထားသော ဥပဒေ၏ မူပိုင်းဆိုင်ရာ အချက်အလက်များကို ဝါကျဖွဲ့၍ ရေးသားတင်ပြရာတွင် ရှင်းလင်းတိကျစွာ ဖော်ပြနိုင်စွမ်းမရှိလျှင် သော်လည်းကောင်း၊ ပြဋ္ဌာန်းလိုက်သည့်ဥပဒေတွင် -

(က) စကားရပ်များ၏ ရှေ့နောက်အသုံးအနှုန်းများ၊ တပြေးညီ မရှိကြောင်း တွေ့ရှိခြင်း၊

(ခ) ဥပဒေတွင် ပါရှိရမည့် မူပိုင်းဆိုင်ရာ အကြောင်းအရာ အချို့ထည့်သွင်း ရေးသားရန် ကျန်ရှိသွားခြင်း၊

(ဂ) အဓိပ္ပါယ် (၂) မျိုးကောက်ယူနိုင်ခြင်း။

စသည့် ချို့ယွင်းချက်၊ အားနည်းချက်များကို နိုင်ငံတိုင်း၏ ဥပဒေများတွင် ပေါပေါက်တတ်မြဲ ဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံတွင် ဆာရမ်တန် ( Sir. Renton) ဆိုသည့် ပုဂ္ဂိုလ်ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်သည့် ဥပဒေကော်မရှင် (Law Commission) တစ်ရပ် ဖွဲ့စည်းပေးပြီး အင်္ဂလိပ် ဥပဒေများကို ပြန်လည် ပြင်ဆင်ရေးဆွဲရေးကိစ္စ (Law Reform) အတွက် စုံစမ်းလေ့လာစေခဲ့ရာ ယင်းဥပဒေကော်မရှင်က အစိုးရထံတင်ပြသည့် အစီရင်ခံစာတွင် အင်္ဂလိပ် ဥပဒေအတော်များများမှာ သာမန်လူ ပုဂ္ဂိုလ်များ နားလည်အောင် ရေးသားထားခြင်း မရှိဟု တင်ပြခဲ့ သည်ကို လေ့လာသိရှိရပါသည်။ (Sir. Renton's Report,1975)

ထို့ပြင် ဥပဒေနယ်ပယ်မှ ပုဂ္ဂိုလ်အချို့ကလည်း ဥပဒေများသည် အခြားစာချုပ်စာတမ်းများ ကဲ့သို့ ရှင်းလင်းတိကျမှုလိုသေးသည် ( Statutes, like other documents, are frequently far from clear.) ဟု မှတ်ချက်ပြုပါသည်။

**ဥပဒေများစိစစ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ အနက် အများပြည်သူအတွက် အကျိုးမရှိသော ဥပဒေများနှင့် လက်ရှိ အခြေအနေနှင့် ကိုက်ညီမှု မရှိသော ဥပဒေများကို ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်ရန် ပြောင်းလဲလာသော လက်ရှိအခြေအနေနှင့် ကိုက်ညီသော ဥပဒေအသစ်များ ပြဋ္ဌာန်းနိုင်ရန် အလို့ငှာ ၁၇-၇-၁၉၉၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၉၁ ဖြင့် ရှေ့နေချုပ် ဥက္ကဋ္ဌ အဖြစ် ပါဝင်သော ဥပဒေများ စိစစ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းလျှက်

လုပ်ငန်း တာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည် -

(က) တည်ဆဲဥပဒေတစ်ရပ်ကို ဖျက်သိမ်းရန် ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ၊ အသစ်ပြဋ္ဌာန်းရန် ဖြစ်စေ သက်ဆိုင်ရာ ဝန်ကြီးဌာနက တင်ပြလာလျှင် ယင်းသို့ တင်ပြလာသည့် ဥပဒေ မူကြမ်းသည် နိုင်ငံတော်နှင့် အများပြည်သူ အတွက် အကျိုးမရှိကိုလည်းကောင်း၊ လက်ရှိအခြေအနေနှင့်ကိုက်ညီမှု ရှိမရှိကိုလည်းကောင် စိစစ်ရန်၊

( ခ ) တည်ဆဲဥပဒေတစ်ရပ်ရပ်သည် နိုင်ငံတော်နှင့်အများပြည်သူအတွက် အကျိုးမရှိကြောင်း ကိုလည်းကောင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီမှု မရှိကြောင်းကို လည်းကောင်း၊ တွေ့ရှိပါက ယင်းဥပဒေကို ဖျက်သိမ်းရန် ဖြစ်စေ၊ ပြင်ဆင်ရန် ဖြစ်စေ၊ အသစ်ပြဋ္ဌာန်းရန် ဖြစ်စေ သက်ဆိုင်ရာ ဝန်ကြီးဌာနအား အကြံပြုရန်၊

( ဂ ) ရုပ်သိမ်းသင့်သည့် ဥပဒေများကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ၃ လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းလျက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သို့ တင်ပြနိုင်ရန်အတွက် ဆောင်ရွက်ရန်၊

(ဃ) ပြင်ဆင်သင့်သည့် ဥပဒေများကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့် နေ့မှစ၍ ၃ လအတွင်း ပြင်ဆင်သည့် ဥပဒေမူကြမ်းများနှင့်အတူ အကျိုးအကြောင်း ဖော်ပြလျက်သက်ဆိုင်ရာဝန်ကြီးဌာနက အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

( င ) အသစ်ရေးဆွဲသင့်သည့်ဥပဒေများကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့် နေ့မှစ၍ ၆ လအတွင်း အပြီးစိစစ်လျက် ဥပဒေသစ်မူကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနက အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သို့ တင်ပြနိုင်ရန်အတွက် ဆောင်ရွက်ရန်၊

( စ ) ရုပ်သိမ်းသင့်သည့် ဥပဒေ၊ ပြင်ဆင်သင့်သည့် ဥပဒေ၊ အသစ်ရေးဆွဲပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့်စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန်။

ဥပဒေများစိစစ်ရေးဗဟိုအဖွဲ့သည် ပေးအပ်သည့် တာဝန်များကို ထမ်းရွက်နိုင်ရန် အလို့ငှာ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဥပဒေရေးဆွဲရေးနှင့် ဥပဒေဘာသာပြန်ဌာနမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဥပဒေအရာရှိများ ပါဝင်သော ဥပဒေများစိစစ်ရေးအဖွဲ့ငယ်များကို ဖွဲ့စည်းလျက် တည်ဆဲမူရင်းဥပဒေများအနက်မှ ရုပ်သိမ်း သင့်သည့် ဥပဒေများ၊ ပြင်ဆင်သင့်သည့် ဥပဒေများ၊ အသစ်ရေးဆွဲ ပြဋ္ဌာန်းမည့် ဥပဒေများ ဟူ၍ ခွဲခြားကာ စိစစ်မှုများ ပြုလုပ်လျှက်ရှိပါသည်။

ဥပဒေများ ရုပ်သိမ်းသည့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁/၉၂)ဖြင့် ဥပဒေပေါင်း ၁၃၇ ခုနှင့် ဥပဒေများ (ဒုတိယအကြိမ်) ရုပ်သိမ်းသည့် ဥပဒေ ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၃)

ဖြင့် ဥပဒေပေါင်း ၁၄ ခု၊ စုစုပေါင်း ဥပဒေ ၁၅၁ ခုကို မြန်မာနိုင်ငံ၏ ဥပဒေစာရင်းမှ ရုပ်သိမ်းပြီး ဖြစ်ပါသည်။

**ဥပဒေရေးဆွဲရာတွင် အထူးသတိပြုရမည့် အချက်များ**

ဥပဒေအသစ်တစ်ရပ်ကို ရေးဆွဲမည်ဆိုပါက အောက်ပါအချက်များကို ဥပဒေရေးဆွဲသည့် ပုဂ္ဂိုလ်များက သတိမူ၍ ရေးဆွဲရပါမည်.

(က) အခြေခံဥပဒေနှင့်ကိုက်ညီမှုရှိစေရန်၊

(ခ) ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေနှင့်ကိုက်ညီမှုရှိစေရန်၊

(ဂ) တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှုမရှိစေရန်၊

(ဃ) အခြားဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ပိုင်ခွင့်ကို ထိပါးခြင်းမရှိစေရန်၊

(င) မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါရှိစေရန်၊

(စ) လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော ဥပဒေဖြစ်စေရန်၊

(ဆ) တင်းကြပ်လွန်းသော(r i g i d i t y )ရေးသားချက်များကိုရှောင်ရှားပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လွယ်ကူမှုရှိသော ရေးသားချက်များ (Flexibility) ဖြင့် ရေးသားရန်၊

(ဇ) ပြစ်ဒဏ်များ၊ ငွေကြေးတာဝန်ရှိမှုများကို ပြည်သူအများသိရှိနိုင်ရန် ဥပဒေတွင် ပြည့်ပြည့်စုံစုံထည့်သွင်းဖော်ပြထားရန်၊

(ဈ) တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့်(delegated legislation) ကို မည်သည့်အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တို့က ပြုပိုင်ခွင့်ရှိသည်ကို ဥပဒေတွင် ဖော်ပြသတ်မှတ်ပေးရန်၊

(ည) ဥပဒေတွင် တာဝန် ( responsibility) နှင့် လုပ်ပိုင်ခွင့် သို့မဟုတ်တာဝန်ရှိခြင်း၊ တာဝန်ခံရခြင်း (accounta- bility) ကိစ္စရပ်များကို တိတိကျကျ ဖော်ပြသတ်မှတ် ပေးရန်၊

(ဋ) ဥပဒေရေးဆွဲသည့် အရာရှိအနေဖြင့် ဥပဒေပြဋ္ဌာန်းပေး စေလိုသော ဌာနမှ တာဝန် ရှိသည့် ပုဂ္ဂိုလ်များနှင့် ဥပဒေတွင် ပါဝင်ရမည့် မူပိုင်းဆိုင်ရာအချက်အလက်များ အကျေအလည် ညှိနှိုင်းပြီးမှ ဥပဒေကို စတင်ရေးဆွဲရန်၊

(ဌ) ရေးဆွဲပြီးသည့် ဥပဒေ(မူကြမ်း) ကို သက်ဆိုင်ရာဌာနမှ ပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းပြီး ကျေနပ်မှုရှိမှ ဥပဒေကြမ်းအဖြစ် ဥပဒေပြုအာဏာပိုင်တို့ထံ တင်ပြရန်၊

(ဍ) ဥပဒေ(မူကြမ်း)နှင့် ဥပဒေကြမ်းကို ဥပဒေပြဋ္ဌာန်းသည့် နေ့အထိ "လျှို့ဝှက်" အဆင့် သတ်မှတ်ထားရန်။

(ဎ) ဥပဒေတွင် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းတာဝန် ပေးအပ် ခြင်း ကိစ္စပါရှိပါက အဖွဲ့ဝင် ဦးရေကို အနည်းဆုံးသာ သတ်မှတ်ထားပြီး လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်ရန် ရေးသား သင့်ပါသည်။ ထို့ပြင် ကနဦးဖွဲ့စည်းရမည့် အဖွဲ့အစည်းကို မည်သည့်ဌာနက ဦးစီး၍ ဖွဲ့စည်း ပေးနိုင်သည့် ပြဋ္ဌာန်းချက်ပါရှိရန်လည်း လိုအပ်ပါသည်။

## ဥပဒေရေးဆွဲခြင်း

ဥပဒေမူကြမ်းတစ်ခုရေးဆွဲရာတွင် ပုံသေနည်းသတ်မှတ်ချက် မရှိပါ။ အဆင်ပြေသလို လူအများ နားလည်အောင် ရေးဆွဲရပါသည်။ ပြဋ္ဌာန်းမည့် ဥပဒေမှာ လူအများက လိုက်နာကျင့်သုံး ရမည်ဖြစ်၍ တိကျရန်၊ ရှင်းလင်းရန်အထူးလိုအပ်ပါသည်။ အဓိပ္ပါယ်နှစ်ခွ ပေါ်ထွက်

နိုင်သည့် အရေးအသားမျိုးကို ရှောင်ရှားရပါမည်။ သုံးစွဲသည့် စကားရပ်များကို ဥပဒေတွင် တူညီစွာ သုံးစွဲသွားရန် လိုအပ်ပါသည်။

အကြောင်းအရာတစ်ခုခုမှာ အတိအကျပါရှိရန် လိုအပ်ပါက ဥပဒေတွင် ထိုအကြောင်းအရာ ပါဝင်ကြောင်း အတိအလင်း ဖော်ပြရမည်ဖြစ်ပါသည်။ မပါဝင်သော အကြောင်းအရာများကိုလည်း တိတိကျကျ အခွင့်အရေးမရရှိစေရန် ဥပဒေကို ရှင်းလင်းတိကျစွာ ရေးရန် လိုအပ်ပါသည်။

ဥပဒေရေးဆွဲသူ (Legislative Draftsman) အနေဖြင့် ဥပဒေရေးထုံးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သော အောက်ဖော်ပြပါဥပဒေများကို ကျေကျေညက်ညက် ဖတ်ရှုလေ့လာ ပါက ဥပဒေရေးဆွဲရေးလုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ပါသည်-

(က) လွတ်လပ်ရေးမရမီ ဗြိတိသျှကိုလိုနီ လက်ထက်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေများမြန်မာနိုင်ငံ ကိုဥပဒေ( ၁၃) တွဲ၌ ဖော်ပြပါရှိပါသည်၊

(ခ) လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေများ၊ (၄-၁-၄၈ မှ ၃၁-၁၂-၅၄ ရက်နေ့အထိ ပြဋ္ဌာန်းခဲ့သော ဥပဒေများကို မြန်မာနိုင်ငံကိုဥပဒေ (၁၃) တွဲ၌ ဖော်ပြပါရှိပြီး ၁၉၅၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နှစ်တစ်ခုချင်းလိုက် ပုံနှိပ်ထုတ်ဝေထားသည့် မြန်မာနိုင်ငံအက်ဥပဒေ (Burma Act) ။ ပါလီမန် အစိုးရလက်ထက်တွင် ၁၉၆၂ ခုနှစ်၌ ပြဋ္ဌာန်းခဲ့သော ဥပဒေမတွေ့ရှိရပါ။

(ဂ) တော်လှန်ရေးကောင်စီ၏ အစိုးရလက်ထက်တွင်ပြဋ္ဌာန်း

ခဲ့သော ဥပဒေများ (၂-၃-၆၂ မှ ၁-၃-၇၄ ရက်နေ့အထိ)၊ တော်လှန်ရေးကောင်စီ အစိုးရက ပြဋ္ဌာန်းခဲ့သော ဥပဒေများကို အတွဲ ၃ တွဲဖြင့် ပုံနှိပ်ထားပါသည်။ ဥပဒေအမှတ် ၈/၇၄ ဖြစ်သည့် အထူးရာဇဝတ်ရုံး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကို မြန်မာနိုင်ငံ ပြန်တမ်း၌ ဖော်ပြထားခြင်း မတွေ့ ရှိရပါ။ နေ့စဉ်ထုတ် သတင်းစာများ၌ ဖော်ပြပါရှိပါသည်။

(ဃ) ပြည်သူ့လွှတ်တော်၌ ပြည်သူ့ကောင်စီအဆင့်ဆင့် လက်ထက်က ပြဋ္ဌာန်းခဲ့သော ဥပဒေ များ (၁၂-၃-၇၄ မှ ၁၇-၉-၈၈ ရက်နေ့အထိ) ယင်းကာလက ဥပဒေများကို ပြည်သူ့လွှတ်တော်ရုံးက နှစ်အလိုက်ပုံနှိပ်ထားပါသည်။

(င) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို နှစ်အလိုက် ပြည်သူ့လွှတ်တော်ရုံးနှင့် ရှေ့နေချုပ်ရုံးတို့မှ ပုံနှိပ်ပါသည်။

(စ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများ(၁၅-၁၁-၉၇ မှ ယနေ့အထိ) ကို နှစ်အလိုက် ပြည်သူ့လွှတ်တော်ရုံးနှင့် ရှေ့နေချုပ်ရုံးတို့မှ ပုံနှိပ် ပါသည်။

ဥပဒေရေးဆွဲသူ အရာရှိအနေဖြင့် မိမိရေးဆွဲသည့် ဥပဒေ (မူကြမ်း)သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်မှုမရှိစေရန်၊

(ခ) ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေနှင့်ကိုက်ညီမှုရှိစေရန်၊

(ဂ) တည်ဆဲဥပဒေများနှင့်လည်း ကွဲလွဲမှုမရှိစေရန်၊

(ဃ) အခြားဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ပိုင်ခွင့်ကို ထိပါးခြင်းမရှိစေရန်၊

(င) ပါဝင်ရမည့် မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်ပြည့် စုံစုံပါရှိစေရန်၊

(စ) ပြဋ္ဌာန်းသည့် ဥပဒေကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လွယ်ကူမှု ရှိစေရန်

စသည့်အချက်များကို အထူးသတိထားပြီး ရေးဆွဲရပါမည်။

၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေတွင် ဖော်ပြပါရှိသော "Drafting Bills, Note by The Government Advocate " ခေါင်းစဉ်ပါ ဥပဒေကြမ်းများ ရေးသားရာတွင် လိုက်နာရမည့် အချက်များကိုလည်း လေ့လာသင့်ပါသည်။

## (၂) ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ

ဥပဒေအသစ်တစ်ရပ်ရပ်ကို ရေးဆွဲရာတွင်ဖြစ်စေ၊ ပြင်ဆင်သည့်ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် ဖြစ်စေ၊ ဥပဒေရေးဆွဲသူများ၏ အဘိဓါန်ဖြစ်သော ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေကို အခြေပြု၍လည်းကောင်း စံထား၍လည်းကောင်း ရေးဆွဲ ရပါသည်။

သို့ဖြစ်၍ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေကို လေ့လာသိရှိ နိုင်ရန် ဖော်ပြလိုက်ရပါသည်။

၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၂၂/၇၃ ဖြင့် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို အောက်ပါအတိုင်း ဖော်ပြပါရှိသည်။

### နိဒါန်း

ဥပဒေစကားရပ်များ၏ အနက်အဓိပ္ပါယ်ကို ရှင်းလင်း ညီညွတ်စွာ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေး ကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ စတင်အာဏာတည်သည့်နေ့ရက် သက်ဆိုင်ခြင်း

၁။ (က) ဤဥပဒေကို ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ချက်ချင်း အာဏာတည်ရမည်။

၂။ ဤဥပဒေသည် အောက်ဖော်ပြပါဥပဒေများနှင့် သက်ဆိုင်စေ ရမည်-

(က) ဤဥပဒေ အာဏာမတည်မီက ဥပဒေပြု အာဏာပိုင် တစ်ရပ်ရပ်က ပြဋ္ဌာန်း ထားသည့် အက်ဥပဒေများ၊ ဥပဒေများ၊ တစ်ချက်လွှတ်ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ၊

(ခ) ဤဥပဒေ အာဏာတည်ပြီးနောက်တွင် ဥပဒေပြု အာဏာပိုင်တစ်ရပ်ရပ်က ပြဋ္ဌာန်းသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်များနှင့် ကြေညာ ချက်များ။

## အခန်း (၂)

## အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးလမ်းညွှန်များ

၃။ ဥပဒေပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးလမ်းညွှန် များသည် အောက်ပါ အတိုင်း ဖြစ်စေရမည်-

(က) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်တွင်ပါဝင်သော စကားရပ် များသည် သာမန်နေ့စဉ်သုံး အနက် အဓိပ္ပာယ်ကို ဆောင်စေရမည်။ သို့ရာတွင် ရှေ့နောက် စကားတို့၏ အဓိပ္ပာယ်နှင့် အညီ သီးခြားအဓိပ္ပါယ်ဖွင့်ဆိုပေးရန် လိုအပ်သော စကားရပ်သည် ယင်းသီးခြားအနက် အဓိပ္ပာယ် ကို ဆောင်စေရမည်၊

(ခ) ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ် ကိုယင်းဥပဒေကိုပြုသည့်အာဏာပိုင် အဖွဲ့ အစည်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီအောင် ဖွင့်ဆိုစေရမည်၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ ယင်းဥပဒေမပြဋ္ဌာန်း မီကရှိရင်းစွဲဖြစ်သော သက်ဆိုင်ရာဥပဒေများအရ ဖြစ်ပေါ်လျက်ရှိသည့် အခြေ

အနေကို လည်းကောင်း၊ ယင်းအခြေအနေကို မည့်သည့် အကြောင်းကြောင့် မည်သို့မည်ပုံ ပြင်ဆင်ရန် လိုကြောင်း ကို လည်းကောင်း ထည့်သွင်းစဉ်းစား နိုင်သည်၊

(ဃ) အထူးဥပဒေ တစ်ရပ်ရပ်တွင် ပါရှိသောပြဋ္ဌာန်းချက် တစ်ရပ်သည် ယေဘုယျဥပဒေ တစ်ရပ်ရပ်တွင် ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို လွှမ်းမိုးသည်။ ဥပဒေ တစ်ရပ် ရပ်တွင် ပါရှိသော အထူးပြဋ္ဌာန်းချက် တစ်ရပ် ရပ်သည် ယင်းဥပဒေတွင်ပါရှိသော ယေဘုယျ ပြဋ္ဌာန်း ချက်ကို လွှမ်းမိုးသည်၊

(င) ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာ သက်ရောက်မှုရှိစေရမည်ဟု အတိအလင်း ပြဋ္ဌာန်း ထားခြင်း မရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန် အာဏာ သက်ရောက်မှုမရှိစေရ။

(စ) လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သော ဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်း မရှိလျှင် ယင်းဥပဒေ သည် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု ရှိစေရမည်၊

(ဆ) ရှေးဦးကျသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် နောက်ကျ သော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကွဲလွဲ ဆန့်ကျင်နေပါက နောက်ကျသောဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေ ရမည်။

၄။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆို ရာ၌ ယင်းဥပဒေကို မပြဋ္ဌာန်းမီက ဥပဒေရေးဆွဲရေး ကော်မရှင် သို့မဟုတ် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းတွင် ဆွေးနွေးတင် ခဲ့သည့်

အချက်မှတ်တမ်းများကိုလည်းကောင်း ရေးဆွဲသော ဥပဒေမူကြမ်းများကို လည်းကောင်း၊ ဥပဒေပြု ရခြင်း၏ ကျိုးကြောင်းဖော်ပြချက်ကိုလည်းကောင်း ထည့်သွင်းစဉ်းစား နိုင်သည်။

**အခန်း (၃)**

**အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၅။ (က) အောက်ပါစကားရပ်များကို အောက်ဖော်ပြပါအတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်

(၁) "မြန်မာ"ဆိုသော စကားရပ်ကို တိုင်းရင်းသား လူမျိုးများနှင့်ပက်သက်၍ သုံးစွဲရာ၌ ယင်းစကားရပ် တွင်ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာ စသော တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်သည်၊

(၂) "အခြေခံဥပဒေ" ဆိုသော စကားရပ်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆိုသည်၊

(၃) "အစိုးရ" ဆိုသော စကားရပ်တွင် ဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ အခြေခံဥပဒေဖြင့် ဖြစ်စေ၊ ဥပဒေ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ နိုင်ငံတော်၏စီမံခန့်ခွဲမှု အာဏာအပ်နှင်းခြင်းခံရသော အဖွဲ့အစည်းကို ဆိုသည်၊

(၄) "ဒေသဆိုင်ရာအဖွဲ့အစည်း" ဆိုသော စကားရပ်သည် မြူနီစီပယ်ကော်မတီကို ဖြစ်စေ၊ မြို့တော်မတီကိုဖြစ်စေ သို့မဟုတ်ဒေသဆိုင်ရာ ရန်ပုံငွေကို ကြီးကြပ် အုပ်ချုပ်ရန် သို့မဟုတ် စီမံအုပ်ချုပ်ရန် ဥပဒေဖြင့် တာဝန်အပ်နှင်း ခြင်းခံရသော အစိုးရ

ကတာဝန် အပ်နှင်းခြင်းခံရသော အခြားအဖွဲ့ အစည်း ကိုဖြစ်စေ ဆိုသည်။

(၅) "ဥပဒေ" ဆိုသော စကားရပ်တွင် ဤဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာ တည်ပြီး နောက် ဖြစ်စေ ဥပဒေပြု အာဏာပိုင်တစ် ရပ်ရပ်က ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အက်ဥပဒေ၊ တစ်ချက်လွှတ်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ အမိန့်အပြင်ဥပဒေကဲ့သို့ အာဏာတည် သော ဓလေ့ထုံးတမ်း များလည်း ပါဝင်သည်၊

(၆) "နည်းဥပဒေ" ဆိုသောစကားရပ်တွင် ဥပဒေ တစ်ရပ်ရပ်ဖြင့် အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို သုံးစွဲ၍ ပြုလုပ်သော နည်းဥပဒေနှင့် ဥပဒေ တစ်ရပ်ရပ်အရ နည်းဥပဒေအဖြစ်ဖြင့် ပြုသော စည်းမျဉ်းဥပဒေပါဝင်သည်

(၇) "စည်းကမ်းဥပဒေ" ဆိုသော စကားရပ်သည် ဥပဒေ တစ်ရပ်ရပ်ဖြင့် အပ်နှင်း သည့် လုပ်ပိုင် ခွင့်ကို သုံးစွဲ၍ ပြုလုပ်သော စည်းကမ်းဥပဒေကို ဆိုသည်၊

(၈) "အမိန့်ကြော်ငြာစာ" ဆိုသော စကားရပ်သည် ပြန်တမ်း တွင်ပါဝင် သောအမိန့်ကို ဆိုသည်၊

(၉) "ပြန်တမ်း" ဆိုသောစကားရပ်သည် မြန်မာနိုင်ငံ ပြန်တမ်းကို ဆိုသည်၊

(၁၀) "စတင်အာဏာတည်ခြင်း" ဆိုသောစကားရပ် သည် ဥပဒေ စတင်အာဏာတည် သည့် သို့မဟုတ်

စတင်အကျိုးသက်ရောက်သည့် နေ့ရက်ကိုဆိုသည်၊

(၁၁) "နိုင်ငံသား"ဆိုသောစကားရပ်သည်ပြည်ထောင်စု မြန်မာနိုင်ငံသားကိုဆိုသည်၊

(၁၂) "နိုင်ငံခြားသား" ဆိုသော စကားရပ်သည် ပြည်ထောင်စု မြန်မာနိုင်ငံသား မဟုတ်သူကို ဆိုသည်၊

(၁၃) "တပ်မတော်" ဆိုသော စကားရပ်သည် နိုင်ငံတော်၏ ကြည်းတပ်၊ ရေတပ်နှင့် လေတပ် တို့ကို ဆိုသည်၊

(၁၄) "တရားရုံး" ဆိုသောစကားရပ်သည် တရားရုံး အဖွဲ့အစည်း၊ တရားသူကြီးအဖွဲ့၊ တရားစီရင်ရေး အဖွဲ့ အပြင်၊ တရားစီရင်ပိုင်ခွင့်ရှိသော အဖွဲ့ တစ်ရပ်ရပ် သို့မဟုတ် အာဏာပိုင်တစ်ဦးဦး လည်းပါဝင်သည်၊

(၁၅) "ကျမ်းကျိန်လွှာ" ဆိုသောစကားရပ်တွင် ကတိ သစ္စာပြုလွှာ ပါဝင်သည်

(၁၆) "ကျမ်းသစ္စာပြုခြင်း" ဆိုသောစကားရပ်တွင် ကတိသစ္စာပြုခြင်းပါဝင်သည်၊

(၁၇) "လက်မှတ်ရေးထိုးသည်" ဆိုသောစကားရပ်တွင် မိမိအမည်ကိုမရေးနိုင်သောသူတစ်ဦးတစ်ယောက် က ကြက်ခြေခတ်ခြင်း၊ လက်ဗွေနှိပ်ခြင်း အစရှိ သည့် အမှတ်အသား ပြုလုပ်ခြင်း ပါဝင်သည်၊

(၁၈) "မှတ်ပုံတင်ခြင်း"ဆိုသောစကားရပ်သည်စာတမ်း

အမှတ်အသားများ မှတ်ပုံ တင်ခြင်း အတွက် တည်ဆဲဥပဒေအရ မှတ်ပုံတင်ခြင်းကိုဆိုသည်၊

(၁၉) "ရေးသားချက်" ဆိုသောစကားရပ်တွင် စာပုံနှိပ်ခြင်း၊ ကျောက်ပုံရေးကူးခြင်း၊ ဓါတ်ပုံရိုက်ကူးခြင်း အပြင် အများမြင်သာသော ဖော်ပြချက်များလည်း ပါဝင်ပါသည်၊

(၂၀) "မရွေ့မပြောင်းနိုင်သောပစ္စည်း" ဆိုသောစကားရပ်တွင် မြေ၊ မြေမှ ဖြစ်ထွန်းလာသော အကျိုးခံစား ခွင့်များ၊ မြေ၌စိုက်ထူထားသော အရာဝတ္ထုများအပြင် ယင်းအရာဝတ္ထုတို့တွင် အမြဲတပ်ဆင်ထားသည့် အရာ ဝတ္ထုများလည်း ပါဝင်သည်၊

(၂၁) "ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း" ဆိုသောစကားရပ်တွင် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းမှတစ်ပါး အခြားပစ္စည်း အမျိုးမျိုးပါဝင်သည်၊

(၂၂) "ပြစ်မှု" ဆိုသောစကားရပ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ် ထိုက်သင့်နိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကို ဆိုလိုသည်၊

(၂၃) "အားပေးကူညီခြင်း" သို့မဟုတ် "အားပေးအားမြှောက်ပြုခြင်း" ဆိုသော စကားရပ်တွင် ပြစ်မှုတစ်စုံတစ်ခုကို ကျူးလွန်စေရန် တစ်ဦးတစ်ယောက် သော သူအား လှုံ့ဆော်ခြင်း သို့မဟုတ် ကူညီထောက်ပံ့ခြင်း သိုမဟုတ် ပြစ်မှုတစ်စုံ တစ်ခုကိုကျူးလွန်ရန် အခြားသူတစ်ဦးနှင့် ပူးပေါင်းကြံစည်ခြင်း ပါဝင်သည်၊

(၂၄) "တစ်ဦးတစ်ယောက်သောသူ"၊ "သူတစ်ဦး"၊ "ပုဂ္ဂိုလ်"ဆိုသောစကားရပ်တွင် ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် လူတစ်စု ပါဝင်သည်၊

(၂၅) "အရွယ်ရောက်သူ" ဆိုသော စကားရပ်သည် အသက် ၁၈ နှစ်ပြည့်ပြီးသူကို ဆိုသည်၊

(၂၆) "ဘခင်" ဆိုသောစကားရပ်တွင် ဥပဒေအရ မွေးစားသော ဘခင်လည်း ပါဝင်သည်၊

(၂၇) "သား" ဆိုသော စကားရပ်တွင် ဥပဒေအရ မွေးစားသော သားလည်း ပါဝင် သည်၊

(၂၈) "ရက်"ဆိုသော စကားရပ်သည် ညဥ့်သန်းခေါင် အချိန်မှစ၍ ရေတွက်သော နှစ်ဆယ့်လေးနာရီ ကာလ အပိုင်းအခြားကို ဆိုသည်၊

(၂၉) "လ" ဆိုသောစကားရပ်သည် အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန်အရ ရေတွက်သော လ ကိုဆိုသည်၊

(၃၀) "နှစ်" ဆိုသောစကားရပ်တွင် အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန်အရ ရေတွက်သော နှစ် ကိုဆိုသည်၊

(၃၁) "ရေယာဉ်" ဆိုသောစကားရပ်တွင် ရေးကြောင်း သွားလာရာ၌ အသုံးပြုသော ယာဉ်အားလုံး ပါဝင်သည်၊

(၃၂) "သင်္ဘော" ဆိုသောစကားရပ်တွင် ရွက်နှင့်ဖြစ်စေ၊ စက်ဖြင့်ဖြစ်စေ သွားလာသော ရေယာဉ်အားလုံး ပါဝင်သည်။

(၃၃) "ရေယာဉ်မှူး"ဆိုသောစကားရပ်သည် ရေယာဉ်

ကို အမြဲတမ်းဖြစ်စေ၊ အခိုက် အတန့်ဖြစ်စေ ကြီးကြပ် အုပ်ချုပ်ရသူ၊ ဦးစီးရသူ သို့မဟုတ် ထိန်းသိမ်းရသူကို ဆိုသည်။ သို့ရာတွင် ယင်း စကားရပ်တွင် ရေကြောင်းပြမပါဝင်။

(၃၄) "လေယာဉ်" ဆိုသောစကားရပ်တွင် လေကြောင်း သွားလာရာ၌ အသုံးပြုသော ယာဉ်အားလုံး ပါဝင်သည်၊

(၃၅) "လေယာဉ်မှူး" ဆိုသော စကားရပ်သည် လေယာဉ်ကို အမြဲတမ်းဖြစ်စေ၊ အခိုက်အတန့် ဖြစ်စေ ကြီးကြပ် အုပ်ချုပ်ရသူ သို့မဟုတ် ဦးစီး ရသူကိုဆိုသည်

(၃၆) "သေတမ်း" ဆိုသောစကားရပ်သည် ရေးသားသူ သေဆုံးပြီးသည့်နောက် ယင်း၏ ဆန္ဒအတိုင်း ပစ္စည်းများကို စီမံခန့်ခွဲစေရန် ညွှန်ကြားခဲ့သော စာတမ်း အမှတ်အသားကို ဆိုလိုသည်။

(ခ) အထက်ဖော်ပြပါ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တို့သည် စကားရပ်များပါရှိသော ဥပဒေတွင် အခြားနည်း ဖော်ပြ ထားခြင်း သို့မဟုတ် ရှေ့နောက်စကားဆန့်ကျင်ခြင်း မရှိသရွေ့သာ အကျိုးသက်ရောက်စေရမည်။

၆။ ဥပဒေတစ်ရပ်ရပ်တွင် အခြားနည်းဖော်ပြထားခြင်းမရှိလျှင်-

(က) ယောက်ျားကို ရည်ညွှန်းသော စကားရပ်သည် မိန်းမ နှင့်လည်း သက်ဆိုင်သည်ဟု မှတ်ယူရမည်

(ခ) ဧကဝုစ် အဓိပ္ပာယ်ရှိသည့် စကားရပ်သည် ဗဟုဝုစ် အဓိပ္ပာယ်ရှိသည့် စကားရပ်နှင့် လည်း သက်ဆိုင်သည်။

ဗဟုဝုစ်အဓိပ္ပာယ်ရှိသည့် စကားရပ်သည် ဧကဝုစ် အဓိပ္ပာယ်ရှိသည့် စကားရပ် နှင့်လည်း သက်ဆိုင်သည် ဟုမှတ်ယူရမည်။

၇။ (က) "မှ" သို့မဟုတ် "မှ စ၍" ဟူသော စကားရပ်ကို သုံးနှုန်းထားလျှင် ဖော်ပြသည့်ရက် သို့မဟုတ် ဖော်ပြသည့်ကာလအပိုင်းအခြား ပါဝင်သည်ဟု မှတ်ယူရမည်။

(ခ) "အထိ" ဟူသောစကားရပ်ကို သုံးနှုန်းထားလျှင် ဖော်ပြသည့် ရက်သို့မဟုတ် ဖော်ပြသည့် ကာလအပိုင်း အခြား ပါဝင်သည်ဟု မှတ်ယူရမည်။

၈။ တစ်ဦးတစ်ယောက်၏အသက်ကို တွက်ချက်ရာတွင် ယင်းကို မည်သည့် အချိန်၌ပင် မွေးသည်ဖြစ်စေ၊ မွေးနေ့ကို တစ်နေ့ဟု သတ်မှတ်ကာ ထည့်သွင်းရေတွက်ရမည်။ မွေးနေ့၏ တစ်နှစ်ပတ်လည်သောနေ့သို့ ကူးဝင်သည်နှင့်တစ်ပြိုင်နက် အသက်တစ်နှစ် ပြည့်သည်ဟု သတ်မှတ်ရမည်။

၉။ မှုခင်းကိစ္စတစ်ခုခုကို ရုံးတစ်ခုခု၌ နေ့တစ်နေ့တွင် ပြုလုပ်ဆောင်ရွက်ရန် ဥပဒေ တစ်ရပ်ရပ်က ပြဌာန်း ထားရာ၌ အဆိုပါနေ့သည် ရုံးပိတ်ရက်ဖြစ်နေလျှင် ထိုမှုခင်းကိစ္စကို ထိုရုံးပြန်လည် ဖွင့်လှစ် သည့်နေ့တွင် ပြုလုပ်ဆောင်ရွက်သော်ယင်းမှုခင်းကိစ္စကို သတ်မှတ် ထားသော အချိန်အတွင်းပြုလုပ် ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** ဤပုဒ်မပါ ပြဌာန်းချက်သည် "**ကာလစည်းကမ်းသတ် ဥပဒေ**"တွင် အကျုံးဝင်သော မှုခင်းကိစ္စ နှင့်မသက်ဆိုင်စေရ။

၁၀။ ဥပဒေတစ်ရပ်ရပ်အရ အကြောင်းကြားစာ၊ ဆင့်စာ၊ ပေးစာတစ်ခုခုကို စာပို့တိုက်မှတစ်ဆင့် ပို့ခွင့်ပြုသည့်အခါ ထိုစာကို

မှန်ကန်စွာ လိပ်တပ်ပြီးနောက် စာပို့တိုက်က မှတ်ပုံတင်ပြုလုပ်၍ ပို့ခြင်းသည် ယင်းသို့ပို့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ထို့သို့ပို့ခြင်း မဟုတ်ကြောင်း သက်သေ ထင်ရှားအောင် မပြနိုင်လျှင် ထိုစာကို စာပို့တိုက်က သာမန်အားဖြင့် ဝေငှပေးအပ်သင့်သည့် အချိန်တွင် ပို့ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

၁၁။ အက္ခရာအစေးကို တိုင်းတာရာ၌ ရေညီပြင်ပေါ်တွင် မျဉ်းဖြောင့်အတိုင်း တိုင်းတာရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်၌ အခြားနည်းပြဋ္ဌာန်းထားလျှင် ယင်းသို့ပြဋ္ဌာန်းထားသည့် နည်းအရသာ တိုင်းတာရမည်။

## အခန်း (၄)

## ဥပဒေထုတ်ပြန်ခြင်း၊ အာဏာတည်ခြင်း၊ ရုပ်သိမ်းခြင်း

၁၂။ ဥပဒေတစ်ရပ်ရပ်၌ အခြားနည်းဖော်ပြထားခြင်းမရှိပါက ယင်းဥပဒေသည် နိုင်ငံတော် တစ်ဝန်းလုံးတွင် အာဏာတည်ရမည်။

၁၃။ (က) ဥပဒေတိုင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုးရမည်၊ ယင်းကို ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

(ခ) ဥပဒေတစ်ရပ်တွင် ယင်းဥပဒေ အာဏာတည်သည့်နေ့ရက်ကို အတိအလင်း သတ်မှတ်ထားခြင်း မရှိလျှင် ယင်းဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက ကြေညာသည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဥပဒေတစ်ရပ်ရပ်တွင် မည်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်ဟု ဖော်ပြ ထားလျှင် ယင်းဥပဒေသည် စတင်အာဏာတည်ရမည့်နေ့သို့ ကူးသည်နှင့်တစ်ပြိုင်

နက် အာဏာတည်စေ ရမည်။

၁၄။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုအခြားဥပဒေတစ်ရပ်ရပ်ဖြင့် ရုပ်သိမ်းလျှင် ယင်းသို့ရုပ်သိမ်း ခြင်း မပြုမီက-

(က) ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်၏ အာဏာ သက်ရောက်ခဲ့ခြင်းကို မထိခိုက် စေရ။ ထို့ပြင်ယင်း ဥပဒေပြဋ္ဌာန်းချက်အရ နည်းလမ်းတကျ ပြုလုပ်ဆောင် ရွက်ခဲ့သည်တို့ကို မထိခိုက် စေရ။

(ခ) ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ရရှိခဲ့သည့် ရပိုင်ခွင့် သို့မဟုတ် အခွင့် အရေးကို လည်းကောင်း၊ ဆောင်ရွက်ခဲ့ ရသည့် တာဝန် ကျခံခဲ့ရသည့် ကြွေးမြီ တို့ကို လည်းကောင်း၊ မထိခိုက်စေရ။

(ဂ) ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ခံခဲ့ရသော ပြစ်ဒဏ်နှင့် ပြည်သူ့ဘဏ္ဍာ အဖြစ် ပစ္စည်းသိမ်းယူ ခံရခြင်းတို့ကို မထိခိုက်စေရ၊

(ဃ) အထက်ကဆိုခဲ့သော ရပိုင်ခွင့် သို့မဟုတ် အခွင့်အရေး သို့မဟုတ် တာဝန် သို့မဟုတ် ကြွေးမြီ သို့မဟုတ် ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ်ပစ္စည်းသိမ်းယူ ခံရခြင်း တို့နှင့် စပ်လျဉ်းသော စုံစမ်းစစ်ဆေးမှု၊ မှုခင်း၊ တရားစွဲဆို လျှောက်ထားနိုင်ခွင့်တို့ကို မထိခိုက်စေရ။ ရုပ်သိမ်းခြင်းခံရသောဥပဒေပြဋ္ဌာန်းချက်သည် အတည် ဖြစ်နေသေးဘိသကဲ့သို့ ဆက်လက်ပြုလုပ်နိုင်သည့်ပြင် ယင်းဥပဒေအရ ပြစ်ဒဏ်ပေးခြင်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်း တို့ကိုဆက်လက်ပြုလုပ် နိုင်သည်။

**ခြွင်းချက်** ။ ရုပ်သိမ်းခြင်းပြုသော ဥပဒေ၌ တစ်နည်းတစ်ဖုံ ဖော်ပြ

ထားလျှင် ယင်းသို့ ဖော်ပြထား သည့် အတိုင်းသာ ဖြစ်စေရမည်။

၁၅။ ဥပဒေတစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်ဖြင့် ရုပ်သိမ်းပြီးသည့်နောက် ယင်းသို့ ရုပ်သိမ်းခြင်းပြုသော ဥပဒေကို တဖန်ရုပ်သိမ်းလိုက်ပြန်လျှင်ရုပ်သိမ်းခြင်းခံခဲ့ရသော မူလဥပဒေသည် ပြန်လည်၍ အာဏာမတည်စေရ။ သို့ရာတွင် နောက်ဆုံးပြဋ္ဌာန်းလိုက်သည့် ရုပ်သိမ်းခြင်းပြုသော ဥပဒေတွင် တစ်နည်း တစ်ဖုံဖော်ပြထားလျှင် ယင်းသို့ ဖော်ပြထားသည့် အတိုင်းသာဖြစ်စေရမည်။

၁၆။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်ဖြင့် ရုပ်သိမ်းပြီးသည့်နောက် ရုပ်သိမ်းခြင်းခံရသော ဥပဒေပြဋ္ဌာန်းချက်ကို အစားထိုးသည့်အနေဖြင့် ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းသည့်အခါ မည်သည့်ဥပဒေသို့မဟုတ် စာချုပ်စာတမ်းတွင် မဆို ရုပ်သိမ်းခြင်းခံရသော မူလဥပဒေပြဋ္ဌာန်းချက်ကို ရည်ညွှန်းခြင်းသည် အဆိုပါ ဥပဒေသစ်ကို ရည်ညွှန်းခြင်း ဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူရမည်။

**အခန်း(၅)**

**အာဏာမတည်သေးသော ဥပဒေနှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များ**

၁၇။ (က) ဥပဒေတစ်ရပ်ရပ်ကို ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်သော်လည်း ယင်းဥပဒေသည် ချက်ချင်း အာဏာ မတည်သေးလျှင် ယင်းဥပဒေအရ ပြုလုပ်ပိုင်ခွင့်ရှိသော နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေနှင့် စည်းကမ်းဥပဒေများ ကို ကြိုတင်၍ ထုတ်ပြန်ထားနိုင်သည်။

(ခ) ယင်းသို့ အာဏာမတည်သေးသည့် ဥပဒေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စများနှင့် သက်ဆိုင်သော အမိန့်များကို ကြိုတင်၍ ထုတ်ပြန်ထားနိုင်သည် -

(၁) ယင်းဥပဒေနှင့် သက်ဆိုင်စေခြင်းကိစ္စ၊

(၂) ယင်းဥပဒေအရ တရားရုံးနှင့် အခြားရုံးများ ဖွဲ့စည်းခြင်းကိစ္စ၊

(၃) ယင်းဥပဒေအရ တာဝန်ယူရသော အဖွဲ့အစည်း ခန့်ထားသည့် ကိစ္စ၊

(၄) အကြီးအကဲ၊ တာဝန်ထမ်းဆောင်သူ ဝန်ထမ်းတို့ကို ခန့်ထားသည့်ကိစ္စ၊

(၅) ယင်းဥပဒေအရ ဆောင်ရွက်ရန်ရှိသော ကိစ္စ၊

(၆) ယင်းဥပဒေအရ ဆောင်ရွက်ရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တို့သည် မည်သည့်အချိန်၊ မည်သည့် နေရာတွင် မည်သည့်နည်းလမ်းအတိုင်း ဆောင်ရွက် ရမည်ဟူသော ကိစ္စ၊

(၇) မည်သည့်အခကြေးငွေပေးရမည်ဟူသောကိစ္စ။

(၈) ယင်းသို့ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ သို့မဟုတ်အမိန့်သည် ယင်းဥပဒေစတင်အာဏာမတည်သေးသမျှ ကာလပတ်လုံး အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း(၆)

## နည်းဥပဒေ စသည်တို့ပြုလုပ်ခြင်း၊ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း

၁၈။ ဥပဒေတစ်ရပ်ရပ်အရ နည်းဥပဒေကိုဖြစ်စေ၊ စည်းမျဉ်းဥပဒေကိုဖြစ်စေ၊ စည်းကမ်းဥပဒေကို ဖြစ်စေ၊ အမိန့်ကြော်ငြာစာကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ထုတ်ပြန်နိုင်ခွင့်ရှိလျှင် ယင်းနည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊စည်းကမ်းဥပဒေ၊အမိန့်ကြော်ငြာစာသို့မဟုတ်အမိန့်ကိုဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်သိမ်းခြင်းလည်း ပြုနိုင်ခွင့်

ရှိသည်။

၁၉။ ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တစ်ခုခု၌ ပါရှိသော စကားရပ်များ၏အဓိပ္ပါယ်သည် ယင်းဥပဒေတွင် အနက် အဓိပ္ပါယ်ဖွင့်ဆိုသည့်အတိုင်းဖြစ်စေရမည်။ သို့ရာတွင် အခြားနည်း အဓိပ္ပါယ်ဖွင့်ဆိုရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းလျှင်ယင်းသို့ပြဋ္ဌာန်းသည့် အတိုင်းဖြစ်စေရမည်။

၂၀။ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ရုပ်သိမ်းပြီးနောက် ယင်းဥပဒေ ပြဋ္ဌာန်းချက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်း ချက်အသစ်တစ်ရပ်ပြဋ္ဌာန်းလိုက်သည့်အခါ အဆိုပါ ရုပ်သိမ်းခြင်း ခံရသော ဥပဒေပြဋ္ဌာန်းချက်အရ ပြုလုပ်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့် ကြော်ငြာစာနှင့်တကွ ရာထူး ခန့်ထားမှု အသီးသီးသည် ဥပဒေပြဋ္ဌာန်းချက်အသစ်နှင့် မဆန့်ကျင် သမျှ ဆက်လက်အာဏာ တည်စေရမည်။

## အခန်း(၇)

## ပြစ်မှုဆိုင်ရာဥပဒေများ

၂၁။ ပြစ်မှုဆိုင်ရာ ဥပဒေနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးတို့၏ ပြဋ္ဌာန်း ချက်များသည် ဥပဒေ တစ်ရပ်ရပ်အရ ချမှတ်သည့် ငွေဒဏ်အားလုံးနှင့် သက်ဆိုင်စေရမည်။သို့ရာတွင် ယင်းသို့ မသက်ဆိုင်စေရဟု ထိုဥပဒေ တွင် အတိအလင်း ပြဋ္ဌာန်းထားလျှင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်စေ ရမည်။

၂၂။ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုသည် ဥပဒေနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသော ဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကိုယင်းဥပဒေများအနက် ဥပဒေတစ်ရပ်ရပ် ဖြင့်သာ

တရားစွဲဆိုအပြစ်ပေးရမည်။ ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ် တစ်ကြိမ် ထက်ပို၍ မခံစေရ။

## အခန်း(၈)

## တာဝန်ပေးအပ်ခြင်း၊ ဆက်ခံဆောင်ရွက်ခြင်း၊ ရပ်စဲခြင်း

၂၃။ တာဝန်တစ်ခုခုကို ပေးအပ်ရာ၌ ပုဂ္ဂိုလ်အမည်ဖြင့်ဖြစ်စေ ရာထူးအလျောက် ဖြစ်စေ ပေးအပ် နိုင်သည်။ ယင်းသို့ပေးအပ်ရာ၌ ခေတ္တသော်လည်းကောင်း၊အမြဲတမ်းသော်လည်းကောင်း ပေးအပ်နိုင် သည်။ သို့ရာတွင် တာဝန်ပေးအပ်ခွင့်ပြုသော ဥပဒေ၌ တစ်နည်းတစ်ဖုံ ဖော်ပြထားလျှင် ယင်းသို့ ဖော်ပြသည့် အတိုင်းသာဖြစ်စေရမည်။

၂၄။ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် တာဝန်တစ်ခုခုကို ထမ်းဆောင်နေသူနှင့် သက်ဆိုင် ကြောင်းပါရှိလျှင် ယင်းတာဝန်ကို အခိုက်အတန့်အားဖြင့်ထမ်းဆောင်နေသူနှင့်လည်း သက်ဆိုင် သည်ဟု မှတ်ယူရမည်။

၂၅။ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်နှင့်သက်ဆိုင်ကြောင်း ဖော်ပြထားလျှင် ထိုအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်၏ ဆက်ခံသူနှင့် လည်း သက်ဆိုင်သည်ဟု မှတ်ယူရမည်။

၂၆။ ဥပဒေတစ်ရပ်ရပ်အရ သူတစ်ဦးကို ရာထူးတစ်ခုခုတွင် ခန့်ထားနိုင်ခွင့်ရှိသော အာဏာပိုင်သည် ထိုသို့ခန့်ထားသောသူကို ရာထူးမှ ရပ်စဲခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းလည်း ပြုနိုင်သည်။ သို့ရာတွင်ထိုဥပဒေ၌ ယင်းကဲ့သို့ မဆောင်ရွက်နိုင်ကြောင်း ဖော်ပြ ထားလျှင် ယင်းသို့ဆောင်ရွက် ခွင့်မရှိစေရ။

## အခန်း(၉)

## အထွေထွေ

၂၇။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် ဥပဒေများ၏အနက်အဓိပ္ပါယ်ကို တညီတညွတ်တည်း ဖြစ်စေရန် ဖွင့်ဆိုပေးရမည်။

၂၈။ (က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာ စတင်သည့်နေ့၌ ယင်းအခြေခံဥပဒေတွင်ပါရှိသော စကားရပ်များဖြင့် ရှိရင်းစွဲ ဥပဒေများတွင် ပါရှိသော သက်ဆိုင်ရာ စကားရပ်များကို ဆီလျှော်အောင် အစားထိုးပြီး ဖြစ်သည် ဟု မှတ်ယူရမည်။

(ခ) ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော စကားတစ်ရပ်တစ်ခုခုကို အခြေခံဥပဒေတွင် ပါရှိသော မည်သည့်စကားရပ်ဖြင့်အစားထိုးပြောင်းလဲကြောင်းကို အမိန့်ကြော်ငြာစာ ဖြင့် ထုတ်ပြန် ကြေညာ ရမည်။

၂၉။ မြန်မာနိုင်ငံယေဘုယျ စကားရပ်များအက်ဥပဒေ (The Burma General Clauses Act) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## (၃) စကားရပ်များ အစားထိုးသည့် ဥပဒေ

၁၉၈၉ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၈/၈၉ ဖြင့် စကားရပ်များ အစားထိုးသည့် ဥပဒေကို အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

၁။ (က) ဤဥပဒေကို စကားရပ်များ အစားထိုးသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၈ ရက် ( ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက် ) နေ့မှစတင်၍ အာဏာတည်သည်ဟုမှတ်ယူ ရမည်။

၂။ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် စသည်တို့တွင် ပါရှိသောအောက်ပါစကားရပ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် စကားရပ်များဖြင့် ဆီလျော် သလို အစားထိုး ပြီးဖြစ် သည်ဟု မှတ်ယူရမည် -

| စဉ် | တည်ဆဲစကားရပ် | အစားထိုးသည့်စကားရပ် |
|---|---|---|
| (က) | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | ပြည်ထောင်စုမြန်မာနိုင်ငံတော် |
| (ခ) | နိုင်ငံတော်ကောင်စီ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ |
| (ဂ) | နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော် သမ္မတ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ |
| (ဃ) | ဝန်ကြီးအဖွဲ့<br>ဝန်ကြီးအဖွဲ့ရုံး | အစိုးရအဖွဲ့<br>အစိုးရအဖွဲ့ရုံး |

| စဉ် | တည်ဆဲစကားရပ် | အစားထိုးသည့်စကားရပ် |
|---|---|---|
| (င) | ပြည်သူ့တရားသူကြီး အဖွဲ့သို့မဟုတ်ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ<br>ဗဟိုတရားရုံး | တရားသူကြီးချုပ်<br>တရားရုံးချုပ် |
| (စ) | ပြည်သူ့ဥပဒေ အကျိုး ဆောင်အဖွဲ့ သို့မဟုတ် ပြည်သူ့ဥပဒေအကျိုး ဆောင် အဖွဲ့ဥက္ကဋ္ဌ<br>ဗဟိုဥပဒေရုံး | ရှေ့နေချုပ်<br>ရှေ့နေချုပ်ရုံး |
| (ဆ) | ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ သို့မဟုတ် ပြည်သူ့ လုပ်ငန်း စစ်ဆေး ရေး အဖွဲ့ ဥက္ကဋ္ဌ<br>ဗဟိုစာရင်းရုံး | စာရင်းစစ်ချုပ်<br>စာရင်းစစ်ချုပ်ရုံး။ |
| (ဇ) | ဗဟိုအာဏာပိုင်အဖွဲ့အ စည်း | အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ် သို့မဟုတ် စာရင်းစစ်ချုပ် |
| (ဈ) | ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ | ပြည်နယ် သို့မဟုတ် တိုင်း ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့။ |

| စဉ် | တည်ဆဲစကားရပ် | အစားထိုးသည့်စကားရပ် |
|---|---|---|
| (ည) | ပြည်နယ် သို့မဟုတ် တိုင်းပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့။ | ပြည်နယ် သို့မဟုတ် တိုင်းအဆင့် သို့မဟုတ် မြို့နယ်စုအဆင့် သက်ဆိုင်ရာဦးစီးဌာန၊ ပြည်သူ့ရဲ တပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ။ |
| (ဋ) | မြို့နယ်ပြည်သူ့ကောင်စီ။ | မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့။ |
| (ဌ) | မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့။ | မြို့နယ်အဆင့် သက်ဆိုင်ရာ ဦးစီး ဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ။ |
| (ဍ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ။ | ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့။ |
| (ဎ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့။ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဆင့် သက်ဆိုင်ရာ ဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့။ |

၃။ ပုဒ်မ ၂ ၊ ပုဒ်မခွဲ (ည)၊ (ဋ) နှင့် (ဎ) တို့တွင် ဖော်ပြပါရှိသော ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့ဆိုသည့်စကားရပ်၌ ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ၊ အဖွဲ့ဝင် သို့မဟုတ် ယင်းအဖွဲ့က ဥပဒေအရ ဖွဲ့စည်းသော အဖွဲ့လည်း ပါဝင်သည်။

## (၄) ၁၉၉၇ ခုနှစ်၊ စကားရပ်များ အစားထိုးသည့် ဥပဒေ

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၁/၉၇ ဖြင့် " **၁၉၉၇ ခုနှစ်၊ စကားရပ်များအစားထိုးသည့် ဥပဒေ** "ကို အောက်ပါ အတိုင်း ပြဋ္ဌာန်းခဲ့ပါသည်။

၁။ (က) ဤဥပဒေကို ၁၉၉၇ ခုနှစ်၊ စကားရပ်များအစားထိုးသည့် ဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၁၃၅၉ ခုနှစ်၊ တန်ဆောင်းမုန်း လပြည့်ကျော် ၁ ရက် ( ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) နေ့မှ စတင်၍ အာဏာတည်သည်ဟု မှတ်ယူ ရမည်။

၂။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ကြေညာချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်း ဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့တွင် ပါရှိသော အောက်ပါစကားရပ်များကို ယင်းတို့ နှင့်ယှဉ်တွဲဖော်ပြထားသည့်စကားရပ်များဖြင့် ဆီလျော်သလို အစားထိုး ပြီးဖြစ်သည်ဟု မှတ်ယူရမည် -

| စဉ် | တည်ဆဲစကားရပ် | အစားထိုးသည့်စကားရပ် |
| --- | --- | --- |
| (က) | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ |
| (ခ) | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ်သို့မဟုတ်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ | ပြည်နယ် သို့မဟုတ် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (ဃ) | ခရိုင် ငြိမ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ | ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (င) | မြို့နယ်ငြိမ်ဝပ်ပိပြားမှုတ ည်ဆောက် ရေးအဖွဲ့ | မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (စ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ | ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအေးချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ |

## (၅) ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဥပဒေဟူသည် အဓိကအားဖြင့် ဥပဒေပြုအာဏာပိုင်က ပြုလုပ်သော ဥပဒေကို ဆိုလိုပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိနိုင်ငံရေး၊ စီးပွားရေးနှင့် လူနေမှုစနစ်အပေါ် အခြေပြု၍ လိုအပ်သည့် ဥပဒေများကို အခါအားလျော်စွာ ပြဋ္ဌာန်းပြီး ပြည်သူများအား လိုက်နာ ကျင့်သုံးစေပါသည်။ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဥပဒေများကို ပြောင်းလဲသော စနစ်နှင့် ကိုက်ညီစေရန် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်ခြင်းနှင့် အသစ်ပြဋ္ဌာန်းသင့်သည်များကို ပြုလုပ်၍ ကျင့်သုံးကြရပါသည်။

မိမိခေတ်တွင် မိမိတို့ တတ်စွမ်းသမျှ မိမိတို့နိုင်ငံအခြေအနေနှင့် ကိုက်ညီဆုံး တီထွင်ကြံဆ၍ ဆောင်ရွက်ရန်သာဖြစ်ပါသည်။

တရားဥပဒေဆိုသော စကားရပ်တွင် ဥပဒေပြုအာဏာပိုင်က ပြုလုပ်သော ဥပဒေအများ အပြင်ဥပဒေကဲ့သို့ အာဏာသက်ရောက်သော နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ အမိန့် ကြော်ငြာစာများလည်း ပါဝင်ပါသည်။ ထို့ပြင် ဥပဒေကဲ့သို့အသိအမှတ်ပြုထားသော ဓလေ့ထုံးတမ်း များလည်းပါဝင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၏ ဥပဒေပြု အာဏာ၊စီမံခန့်ခွဲမှုအာဏာ၊တရားစီရင်မှုအာဏာဟူသော အချုပ်အခြာ ဥပဒေသည် ပြည်သူတို့ထံမှ သက်ဆင်းပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းနိုင်ငံ၏ အထွဋ်အ ခေါင်ဥပဒေဟု အသိအမှတ်ပြုကြရမည်။ ကျန်ဥပဒေများကို ယင်းနိုင်ငံ ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေ ရေးဆွဲ ပြဋ္ဌာန်းရ စမြဲဖြစ်သည်။

ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲဆန့်ကျင်ပါက ဥပဒေအဖြစ် ရပ်တည်ပိုင်ခွင့် မရှိတော့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ယင်းအချက်ကို ထည့်သွင်းရေးသား စမြဲဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

ဥပဒေသည် ပြည်သူတို့အတွက်ဖြစ်သည်။ ဥပဒေကို ပြုလုပ်ရာတွင် ယင်းဥပဒေကို လိုက်နာကျင့်သုံးကြရမည့် ပြည်သူတို့သည် ကာယကံရှင်များ ဖြစ်ကြပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားအရေးကြီးသော ဥပဒေများကို ပြည်သူတို့၏ ဆန္ဒသဘောထားရယူပြီးမှ ပြဋ္ဌာန်းသည်များလည်းရှိပါသည်။ မြန်မာနိုင်ငံ၏ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူ့ဆန္ဒခံယူ၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေပြဋ္ဌာန်းခဲ့စဉ်က လုပ်သားပြည်သူများထံမှ အကြံဉာဏ်များရယူပြီး ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

"ဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရာတွင် နောင်အခါများတွင် ပေါ်ပေါက်လာနိုင်သည့် ပြဿနာဖြစ်ရပ်ဟူသမျှကို ခြုံငုံမိအောင် ရေးဆွဲပြဋ္ဌာန်းနိုင်မည်မဟုတ်ချေ။ မမျှော်လင့်သော ပြဿနာဖြစ်ရပ်များပေါ်ပေါက်လာသောအခါ ဥပဒေ၏ရည်ရွယ်ချက်အနှစ်သာရတို့နှင့် ပေါ်ပေါက် လာသော ပြဿနာဖြစ်ရပ်တို့ကို အနီးကပ်ဆုံးကိုက်ညီအောင် စပ်ဟပ်ညှိနှိုင်း၍ အဓိပ္ပါယ်ဖွင့်ဆို ပေးရန် တာဝန်သည် တရားရုံးချုပ်အပေါ် ကျရောက်သည်။ ထိုသို့စပ်ဟပ်ညှိနှိုင်းခြင်း မပြုနိုင်လောက်အောင်ရှိနေလျှင်မူကား ဥပဒေကို လိုအပ်သလို ပြင်ဆင်ပေးရန် ထောက်ခံရန် သာရှိ ပေသည်" ဟု ဦးခွေးနှင့် ကိုအေးအမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၆၅၊ မတစ၊ ၉၇၇)

" ပြဋ္ဌာန်းသော စကားများ၏ အဓိပ္ပါယ်ကို ကောက်ယူရာတွင် ဦးစွာပထမ ၎င်းတို့၏ ရိုးရိုး သဘောအဓိပ္ပါယ်ကို လက်မလွှတ်ဘဲ ကောက်ယူရမည်ဟူသော စည်းမျဉ်းဥပဒေနှင့် မျက်မြင်အားဖြင့် အာဏာတ္တိက ( Mandatory) ဖြစ်သော စကားများကို ကောင်းမွန် ခိုင်မာသော အကြောင်းမရှိဘဲနှင့် ညွှန်ကြားချက်များမျှသာ ဖြစ်သည်ဟု အဓိပ္ပါယ်မကောက်ယူရ" ဟု ဦးဘဖေနှင့် ဦးလွန်းမောင် အမှု တွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၉၊ မတစ၊ ၁၆၈)

"အက်ဥပဒေ သို့မဟုတ် ဥပဒေသဘော သက်ရောက်သည့် အမိန့် ကြေညာချက်တစ်ခုခုကို အဓိပ္ပါယ်ကောက်ယူရာတွင် ထိုဥပဒေ သို့မဟုတ် အမိန့် ကြေညာချက်ရှိသော စကားရပ်တစ်ခု တည်းကိုသာ ထီးထီးဖတ်ရှုအဓိပ္ပါယ်ကောက်ယူခြင်း မပြုပေ၊ ကျန်စကားရပ်များနှင့် ဆက်စပ်ပြီး ဖတ်ရှုမှသာ အဓိပ္ပါယ်ပြည့်စုံမည်ဖြစ်သည်" ဟု မက်ဆား (စ်) ဇော်ပုံနှင့် ဟာဂျီအဗ္ဗဒူရာ ဟီမန် အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၆၇၊ မတစ၊ ၆၀၈)

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အက်ဥပဒေများတွင် ပြဋ္ဌာန်းထားသော စကားရပ်အချို့၊ စကားအသုံးအနှုန်းအချို့မှာ နားလည်ရန် ခက်ပါသည်။ မှားယွင်း အဓိပ္ပါယ်ကောက်ယူတတ် ပါသည်။ သဒ္ဒါနည်းကျကျအဓိပ္ပါယ်ကောက်ယူရပါသည်။

" ဥပဒေပုဒ်မဘေးတွင် ခေါင်းစီးများပါရှိတတ်ပါသည်။ ယခု ပြဋ္ဌာန်းသော ဥပဒေတွင် ခေါင်းစီးပါရှိလေ့မရှိ၊ ခေါင်းစီးသည် ပြဋ္ဌာန်း ချက်၏တစ်စိတ်တဒေသမဟုတ်။ သို့ရာတွင် သက်ဆိုင်ရာ ပြဋ္ဌာန်း ချက်၏" ရေစီးချောင်း" ကိုမြင်သာစေသည်။ အဓိပ္ပါယ် ကောက်ယူ ရာတွင် အကူအညီရရန် ရည်ညွှန်းနိုင်သည်ဟု အေဒီဝန်နှင့် ဒိုး(စ်) ဟာမက်အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၂၊ မတစ၊ ၂၃)

ဥပဒေပါ ပုဒ်မတစ်ခုခု၏ ခေါင်းစဉ် သို့မဟုတ် ဘေးရှိခေါင်းစီးသည် ဥပဒေကို ရှင်းလင်းပြတ်သားသည့်စကားရပ်ကို ဆန့်ကျင်၍ အဓိပ္ပါယ်ယူခြင်း မပြုနိုင်သော်လည်း ဥပဒေ၏ အနက်အဓိပ္ပါယ်ကို လမ်းညွှန်သဖွယ် အသုံးချနိုင်သည်ဆိုခြင်းမှာ ယုံမှားမရှိ" ဟု မက်ဆား(စ်) ဇော်ပုံနှင့် ဟာဂျီအဗ္ဗဒူရာဟီးမန်အမှုတွင် ဆုံးဖြတ်ထားသည်။ (၁၉၆၇၊ မတစ၊ ၆၀၈)

"တစ်ဖက်တွင် ပုဒ်မတစ်ခုဘေးရှိ ခေါင်းစီးသည် ပုဒ်မ၏ ပြဋ္ဌာန်းချက်တွင် ပါဝင်ခြင်း မရှိချေ" ဟု နိုင်ငံတော်နှင့် ဦးအုန်း အမှုတွင် ဆုံးဖြတ်ထားပါသည်။( ၁၉၈၆၊ မတစ၊ ၃၇(၅၀))

" ဥပဒေစကားရပ်များကို အရှိအတိုင်း သဘာဝကျသော အဓိပ္ပါယ် ကောက်ယူရန် တရားသူကြီး၏ တာဝန်ဖြစ်ကြောင်း" ဂျီ၊ အင်၊ ဘနာဂျီ နှင့် ထောင်ပိုင်ဝန်၊ အင်းစိန်မြို့၊ အကျဉ်းထောင်တိုးချဲ့ဆောင်အမှုတွင် ဆုံးဖြတ်ထားသည်။ (၁၉၄၈၊ မတစ၊ ၁၉၉)

" ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် မမှန်မကန် ပြုလုပ်မှုကို နှိမ်နင်းရမည်ဖြစ်ပြီး တရားမျှတမှုအတွက် ကုစားမှုပြုနိုင်ရန် အဓိပ္ပါယ်ဖွင့်ဆိုရမည်။ အဓိပ္ပါယ်ကောက်ယူရာတွင် မတင်းလွန်းစေရ" ဟု မစ္စစ်ကွန်စတန်(စ်) မင်အုံရိုက်တာနှင့် အေအမ်ခန်းအမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၁၊ မတစ၊ ၁၆၉ ၊တရားလွှတ်တော်ချုပ်)

"အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူနိုင်လျှင်တရားမျှတမှု ဖြစ်စေသော အဆင်ပြေစေသော အကြောင်းသင့်ဖြစ်သော၊ ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီသော အဓိပ္ပါယ် ကိုကောက်ယူရမည်" ဟု ကိုအေးနှင့် ရာဆူး(လ်)ဘီဘီ အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၀၊ မတစ၊ ၂၈၈ ၊ တရားလွှတ်တော်)

"အဓိပ္ပါယ်နှစ်မျိုးကောက်ယူနိုင်သည့်အခါ အလုပ်ဖြစ်စေသော၊

ချောမွေ့စေသော အဓိပ္ပါယ်ကို ရယူရမည်ဖြစ်ကြောင်း" နိုင်ငံတော်နှင့် စစ်သိန်း အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၆၄ ရန်ကုန်၊ ၆၄)

တရားသူကြီးသည် ဥပဒေတွင် ပါရှိသည့် အစွဲအလန်းမထားဘဲ အမြင်ကျယ်ကျယ်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုရန်မှာ တရားသူကြီး၏ တာဝန်ဖြစ်ကြောင်း၊ တရားဥပဒေပြုလွှတ်တော်၏ ဉာဏ်ရည်ထက်မြက်မှုကို စုံစမ်းရန် မဟုတ်ကြောင်း၊ မိမိ၏ထင်မြင်ယူဆချက်ကို အသားပေး၍ ဖွင့်ဆိုရန် မသင့်ကြောင်း၊ ဥပဒေပြုလွှတ်တော်က သုံးစွဲထားခြင်း မရှိသော စကားရပ်များဖြင့် ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် မသင့်ကြောင်း" ဦးအုံးခင်နှင့် နိုင်ငံတော်အမှုတွင် ဖွင့်ဆိုထားပါသည်။ (၁၉၅၁၊ မတစ၊ ၂၂၆)

" ဥပဒေကို ဖွင့်ဆိုရာတွင် ဥပဒေ၌ သုံးစွဲထားသော စကားလုံးများ ရှင်းလင်းပါက အထိရောက်ဆုံးအဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပြီး၊ ရှင်းလင်းသည့်အတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရန်ဖြစ် ကြောင်း" နိုင်ငံတော်နှင့် ဦးခင်မောင်လတ်အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၂၊မတစ၊၁၁၄၊ တရားလွှတ်တော်)

" တည်ဆဲဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်ကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အကြောင်းအရာ တစ်ရပ် တည်း သို့မဟုတ် အလားတူ အကြောင်းအရာနှင့် သက်ဆိုင်သော ရှေးဦးဥပဒေများ၊ ယင်းဥပဒေနှင့်စပ်လျဉ်းသောရှေးဦးစီရင်ချက်များကို စိစစ်လေ့လာသင့်ကြောင်း " ဒေါ်ကျင်စိန်နှင့် ဦးကျော်ဒင် အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၂၊ မတစ၊ ၁၆၂ ၊ တရားလွှတ်တော်)

"ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ ယေဘူယျဥပဒေသမှာ စကားရပ် တစ်ရပ်သည် တူညီသော အဓိပ္ပါယ်ဆောင်သင့်သည်။ သို့ရာတွင် ဥပဒေတစ်ရပ်တည်းတွင်ဖြစ်စေ၊ ပုဒ်မတစ်ခုတည်းတွင်

ဖြစ်စေ စကားလုံးတစ်ခုကိုခြားနားသော အဓိပ္ပါယ်ဆောင်စေရန် သုံးနှုန်းထားခြင်းလည်း ဖြစ်နိုင်သည်။ စကားစပ်မရှိသော စကားလုံးသည် အဓိပ္ပါယ်မရှိ၊ စကားစပ်အရ စကားလုံးများကို အဓိပ္ပါယ်ကောက်ယူရမည်" ဟု ဒီဒီဂရိဗာနှင့် အေ၊စီ ထွန်ဒါး အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၅၊ မတစ၊ ၅၄ ၊ တရားလွှတ်တော်ချုပ်)

" ယေဘူယျအားဖြင့် ခြွင်းချက်သည် မူရင်းပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်သည်ဟု သဘောထားရမည်ဖြစ်ကြောင်း၊ ခြွင်းချက်သည် ခြွင်းချက်ပြုထားသော ပုဒ်မနှင့်သာ ယေဘူယျ အားဖြင့် သက်ဆိုင်ကြောင်း" ဟု နိုင်ငံတော်နှင့် ဦးခင်လတ်အမှုတွင် ဆုံးဖြတ်ထားပါသည်။ (၁၉၅၂၊ မတစ၊ ၁၁၄၊ တရားလွှတ်တော်)

"ကျင့်ထုံးကိစ္စတွင်မှတစ်ပါး တည်ဆဲအခွင့်အရေး သို့မဟုတ် တာဝန်ကို ထိခိုက်စေအောင် ဥပဒေပြဋ္ဌာန်းချက်သည် နောက်ကြောင်းပြန်အကျိုးသက်ရောက်သည်ဟု ကောက်ယူရန်မဟုတ်ကြောင်း" ဒေါ်အုန်းခင်နှင့် ဒေါ်အုန်းကြည်အမှု တွင် ဆုံးဖြတ်ထားပါသည်။ (၁၉၆၇၊ မတစ၊ ၂၉၂)

" ပြဋ္ဌာန်းချက်သည် လုပ်ထုံးလုပ်နည်းနှင့်သာ သက်ဆိုင်သော အကြောင်းအရာဖြစ်၍ မည်သည့်နေ့အထိ နောက်ကြောင်းပြန်ကြောင်း ညွှန်ပြသော ရက်စွဲမပါရှိလျှင် နောက်ကြောင်းပြန်မှု ရှိနိုင်သမျှရှိအောင် အဓိပ္ပါယ်ကောက်ယူရမည်။ ဥပဒေတစ်ရပ်သည် အတည်ဖြစ်သည့်နေ့မှစ၍ အာဏာသက်ရောက်သည်ဟု အတည်ဖြစ်သောနေ့နောက်ပိုင်းတွင် ပေါ်ပေါက်သော ပတ်ဝန်းကျင် အကြောင်းခြင်းရာများအရ ကောက်ယူရမည်။ တရားစွဲဆိုစဉ်ကတည်းရှိသော ဥပဒေပါ ပြဋ္ဌာန်းချက်ကို ကန့်သတ်ချုပ်ချယ်ခြင်း မရှိကြောင်း" အေအိုင်အာရ် ၁၉၃၆ အလာဟာဘတ်၊ စာ ၅၁၇ တွင် ရှင်းပြထားပါသည်။

ဥပဒေများကို သဒ္ဒါနည်းကျကျ ကောက်ယူမှ သဘာဝကျသော အဖြေရရှိပါမည်။

တရားဥပဒေကို ပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်သူများ လိုက်နာကျင့်သုံးရန် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းပေးခြင်းဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု ( Rule of Law) ရှိမှသာလျှင် ရပ်ရွာအေးချမ်းသာယာပြီး ပြည်သူအများ စိတ်ချမ်းမြေ့ကြမည်ဖြစ်ပါသည်။

ဥပဒေပြဋ္ဌာန်းစဉ်က ပြဿနာအားလုံးကို ခြုံငုံမိအောင် ရေးဆွဲနိုင်ခြင်းမရှိသဖြင့် ဥပဒေ ပြဿနာများ (ဥပဒေကို တရားသူကြီးများက ဖွင့်ဆိုရခြင်း) ပေါ်ပေါက်လာတတ်စမြဲပါ။

အုပ်ချုပ်မှုအာဏာပိုင်ကသော်လည်းကောင်း၊ တရားသူကြီးများကသော်လည်းကောင်း၊ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အောက်ပါအချက်များကို သတိမူသင့်ပါကြောင်း လေ့လာသိရှိရပါသည် -

(က) ဥပဒေ အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် များနှင့် ညီညွတ်ရပါမည်။

(ခ) ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပါယ်ဖွင့် ဆိုရေးဥပဒေပါဖွင့်ဆိုချက်နှင့် ညီညွတ်မှုရှိစေရပါမည်။

(ဂ) ဥပဒေတွင် သုံးစွဲထားသည့် စကားလုံးများ၏ နေ့စဉ်သုံးအဓိပ္ပါယ်ကို ကောက်ယူ၍ ဖွင့်ဆိုသင့်ပါသည်။ (Literary)

(ဃ) အဓိပ္ပါယ်နှစ်မျိုး ကောက်ယူနိုင်ပါက တရားမျှတမှုနှင့် ကျိုးကြောင်းဆီလျော်မှုရှိသော အဓိပ္ပါယ်ကောက်ယူရပါမည်။

(င) ယင်းဥပဒေပါပြဋ္ဌာန်းစဉ်က ပြည်သူ့လွှတ်တော်တွင်

ဥပဒေကြမ်းအပေါ် ဆွေးနွေး ချက်များ၊ မှတ်တမ်းများ၊ ဆုံးဖြတ်ချက်များကို အခြေပြု၍ ဥပဒေပြုလွှတ်တော်၏ ရည်ရွယ်ချက်ကို လေ့လာသင့်ပါသည်။

တရားသူကြီးသည် မိမိ၏သဘောတစ်ခုတည်းဖြင့် ဥပဒေကို ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းကိုလုပ်ပိုင်ခွင့်အာဏာမရှိပါ။ ဥပဒေပြင်ဆင်ရမည့်ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ အုပ်ချုပ်မှုအာဏာပိုင် သို့မဟုတ် ဥပဒေပြုအာဏာပိုင်တို့ထံ တင်ပြရန်သာ ရှိပါသည်။

တရားဥပဒေများ စတင်ပေါ်ပေါက်လာသည့်အချိန်မှ ယနေ့တိုင် ဥပဒေများကို အမှုတစ်ခုချင်း အလိုက် အဓိပ္ပါယ်ဖွင့်ဆိုရမည့် ကိစ္စမှာ ယနေ့တိုင် ရှိနေပြီး နောင်လည်း ရှိနေဦးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

## (၆) ဥပဒေများ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်း

လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်စိုးသော နိုင်ငံတစ်နိုင်ငံ အနေဖြင့် နိုင်ငံတော်၏ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကိုင်တွယ် ကျင့်သုံးသော အစိုးရဟူ၍ ရှိပါသည်။

နိုင်ငံသားအချင်းချင်းဆက်ဆံရာတွင်လည်းကောင်း၊ အစိုးရ နှင့် နိုင်ငံသားများ ဆက်ဆံရာတွင်လည်း အဆင်ပြေမှုရှိစေရန်နှင့် ပြဿနာပေါ်ပေါက်ကဥပဒေနှင့်အညီဖြေရှင်းနိုင်ရန် ဥပဒေများကို နိုင်ငံတော်အစိုးရက ဥပဒေပြုအာဏာဖြင့် ပြဋ္ဌာန်းပေးပါသည်။

ထိုသို့ ပြဋ္ဌာန်းသည့် ဥပဒေများအနက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သည် ဥပဒေများ၏ အထွတ် အခေါင်ဟု သတ်မှတ်ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင်အဓိကပါဝင်သည့် အကြောင်းအရာ များမှာ -

(က) နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့် တာဝန် ဝတ္တရားများ၊

(ခ) မည်သည့်အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းထား ရှိမည်၊ယင်းအာဏာပိုင်အဖွဲ့ အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊

(ဂ) အစိုးရနှင့် နိုင်ငံသားများ၏ ဆက်ဆံရေးများ။

တို့ပင်ဖြစ်ကြပါသည်။

ကျန်ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီ ထွေ ရေးဆွဲပြဋ္ဌာန်းရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရာတွင် နောင်အခါများတွင် ပေါ်ပေါက်လာနိုင်သည့်

ပြဿနာဖြစ်ရပ်ဟူသမျှကို ခြုံငုံမိအောင် ရေးဆွဲပြဋ္ဌာန်း နိုင်သည် မဟုတ်ပေ။ မမျှော်လင့်နိုင်သော ကြိုတင်မခန့်မှန်းခဲ့သော ပြဿနာဖြစ်ရပ်များ ပေါ်ပေါက် လာသောအခါ၌ ဥပဒေ၏ ရည်ရွယ်ချက်အနှစ်သာရတို့နှင့် ပေါ်ပေါက်သော ပြဿနာ ဖြစ်ရပ်များ တို့ကို အနီးကပ်ဆုံးကိုက်ညီအောင် စပ်ဟပ်ညှိနှိုင်း၍ အဓိပ္ပါယ်ဖွင့်ဆိုရန် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၌ တာဝန်ကျရောက်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် နိုင်ငံတစ်ခုနှင့်တစ်ခု တူညီသောပြဋ္ဌာန်းချက်များ၊ သတ်မှတ်ချက်များ မရှိနိုင်ပေ။

မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို မည်သို့အဓိပ္ပါယ်ဖွင့်ဆိုရမည်နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များ ဖော်ပြပါ ရှိကြောင်း လေ့လာတွေ့မြင်နိုင်ပါသည်။

**ဥပဒေများ အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များ**

**ပုဒ်မ ၁၉၇။** ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံး စုများ၊ စကားလုံး တစ်လုံးချင်းများ၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသား ထားချက်များ အပေါ်တွင်သာ အခြေပြုရမည်။

**ပုဒ်မ ၁၉၈။** နိုင်ငံတော်၏အဖွဲ့အစည်းများအတွင်း အထက်အောက် အပြန်အလှန်ဆက်သွယ်ရာ၌လည်းကောင်း၊ အဖွဲ့အစည်း အချင်းချင်းအပြန်အလှန် ဆက်သွယ်ရာ၌ လည်းကောင်း တညီတညွတ်တည်းဖြစ်စေရန်နှင့် အယူအဆမကွဲစေဘဲ

ရှင်းလင်းလွယ်ကူစေရန် ရုံးသုံးစာအဖြစ် မြန်မာစာကို အသုံးပြုရမည်။ လိုအပ်လျှင်သက်ဆိုင်ရာ တိုင်းရင်းသား စာကိုလည်း အသုံးပြု နိုင်သည်။

**ပုဒ်မ ၁၉၉။** ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၏ မူဝါဒ လမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေများ၊အမိန့်ပြန်တမ်းများ၊ကြေငြာချက်များ၊ ဆောင် ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံ သည်။

**ပုဒ်မ ၂၀၀။** (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်း ထားခဲ့သော စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့် ဆိုရေးဥပဒေကို ကိုးကားရမည်။

(ခ) ပုဒ်မခွဲ (က)ပါ ဥပဒေကပြဋ္ဌာန်းထားသော အနက် အဓိပ္ပာယ်ဖွင့်ဆိုချက် များကို ပြင်ဆင်ရန်သော် လည်းကောင်း၊ စကားရပ်များကို ထပ်မံ၍အနက် အဓိပ္ပာယ် ဖွင့်ဆိုရန်သော်လည်းကောင်း လိုအပ် ပါက ပြည်သူ့လွှတ်တော်ကသာ ပြုလုပ် နိုင်သည်။

(ဂ) နိုင်ငံတော်ကောင်စီက၊ ဗဟိုအာဏာပိုင် အဖွဲ့ အစည်းများနှင့်ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့ အစည်းများ၏ လုပ်ဆောင်ချက်များသည် ဤ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီခြင်း ရှိ၊မရှိ ဆုံးဖြတ်ရန်လိုအပ်လာပါက ပြည်သူ့လွှတ်တော်

ကသာ ဆုံးဖြတ်ရမည်။

**ပုဒ်မ ၂၀၁။** ပြည်သူ့လွှတ်တော်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လိုအပ်သလို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

**ပုဒ်မ ၂၀၂။** (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေသည်နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။

(ခ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများသည် ပြည်သူ့လွှတ်တော်ကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည် ဖြစ်သည်။

(ဂ) ရှိရင်းစွဲ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မဆန့်ကျင်သမျှအတည်ဖြစ်သည်။

(ဃ) ရှိရင်းစွဲဥပဒေများ၊နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျော ညီထွေရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရမည်။

(င) ရှိရင်းစွဲ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများက ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိလာစေရန်

ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း တို့ကို နိုင်ငံတော်ကောင်စီက ပြုလုပ်ရမည်၊

(စ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုနိုင်မီကာလအတွင်း ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏သဘောနှင့်ညီညွတ်စေရန် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက အနက်အဓိပ္ပာယ် ဖွင့်ဆို၍ လုပ်ဆောင် ရမည်။

(ဆ) ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ သဘောနှင့် ညီညွတ်စေရမည်၊

(ဇ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာစတင် တည်သည့်နေ့တွင်ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသောအဖွဲ့အစည်းများ၊ အမှုထမ်း ရွက်ဆဲဖြစ်ကြသောဝန်ထမ်းများနှင့် အလုပ်သမား အားလုံးသည် နိုင်ငံတော်ကောင်စီက အခြား နည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက် တည်ရှိစေရမည်။

**ပုဒ်မ ၂၀၃။** (က) နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့

အစည်းများသည် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေကို သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များကို လည်းကောင်း မဆန့်ကျင်စေပဲ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်၊

(ခ) ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များကို လည်းကောင်း၊သက်ဆိုင်ရာဗဟိုအာဏာပိုင်အဖွဲ့အစည်းများကထုတ်ပြန်သော စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများ ကိုလည်းကောင်း မဆန့်ကျင်စေပဲ သက်ဆိုင်ရာဒေသအတွက် အမိန့်များ၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်း များကို လိုအပ်လို ထုတ်ပြန်နိုင်သည်။

**ဥပဒေများအနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ဖော်ပြပါရှိသော ပြဋ္ဌာန်း ချက်များ**

၂၁၆။ မြန်မာဘာသာသည် ရုံးသုံးဘာသာဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်း သုံးခွင့် ပြုနိုင်သည်။

၂၁၇။ ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစာမူ နှစ်ခုထားရှိရမည်။ တစ်ခုမှာ မြန်မာဘာသာစာမူ ဖြစ်၍ အခြားတစ်ခုမှာ အင်္ဂလိပ်ဘာသာ

စာမူဖြစ်သည်။ ထိုနှစ်မူတွင် တိုင်းပြည်လွှတ်တော်ဥက္ကဋ္ဌက လက်မှတ်ထိုး၍၊ တရားလွှတ်တော်ချုပ်၏ အတွင်းဝန်ရုံးတွင် မော်ကွန်းတင်ရမည်။ ထိုစာနှစ်မူ လုံးကို ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်သက်သေအရာ တည်စေ ရမည်။

၂၂၂။ (၁) ရှေ့နောက်စကားတို့၏အဓိပ္ပါယ်ကို ထောက်ထားရန် မလိုလျှင်၊ ဤအခြေခံ ဥပဒေ၌ ပါရှိသော အောက်ပါ စကားရပ်တို့သည် ဖော်ပြထားသောအဓိပ္ပါယ်ကို ဆောင်သည်။ ဆိုလိုရင်းမှာ-

"မြန်မာပြည်"၊ "မြန်မာနိုင်ငံ"၊ "မြန်မာနိုင်ငံတော်" ဟူသော စကားရပ်တို့သည်၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုဥပဒေ၌ ပါရှိသော အဓိပ္ပါယ်မျိုးကို ဆောင်သည်။

"လက်ရှိတရားဥပဒေ" ဟူသည်မှာ တရားဥပဒေ၊ တချက်လွှတ်ဥပဒေ၊ အမိန့်၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေတို့ကို ပြုပိုင်သော ဥပဒေပြုအဖွဲ့က သော်၎င်း၊ အာဏာပိုင်ကသော်၎င်း၊ ပုဂ္ဂိုလ်က သော်၎င်း၊ ဤအခြေခံဥပဒေအာဏာ မတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံရှိနယ်မြေများတွင် ပြုခဲ့သော တရားဥပဒေ၊ တချက်လွှတ်ဥပဒေ၊ အမိန့်၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေတို့ကို ဆိုလိုသည်။

"စော်ဘွား"သို့တည်းမဟုတ် "စောဖျာ" ဟူသည်မှာ အငြင်းပွားမှုပေါ်ပေါက်လျှင်၊ နိုင်ငံတော်သမတက သက်ဆိုင်ရာရိုက်ရာခံစည်းကမ်းများနှင့်အညီ အသိ

အမှတ် ပြုသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

"ပြည်ထောင်စုအဖွဲ့ဝင်" ဟူသည်မှာ- ပုဂ္ဂိုလ်

(က) ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဖွဲ့ဝင်တစ်ခုအဖြစ်ဖြင့်၊ ဖွဲ့စည်းပါဝင်သော ပြည်နယ်ကိုသော်၎င်း၊

(ခ) ပြည်နယ်၏တစ်စိတ်တစ်ဒေသအဖြစ်မဖွဲ့စည်း မပါဝင်သော ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေအားလုံးကိုသော်၎င်း၊

ဆိုလိုသည်။

(၂) အခန်း ၆။ ၇။ ၁၀။ ၁၁။ ၁၃ နှင့် တတိယဇယား၊ စတုတ္ထဇယားများရှိ "ပြည်နယ်" ဟူသောစကားသည် ဆန့်ကျင်သောရည်ရွယ်ချက် မပေါ်ပေါက်လျှင် ရှမ်းပြည်နယ်ကို၊ သို့တည်းမဟုတ် ကချင်ပြည်နယ်ကို၊ သို့တည်း မဟုတ် ကယားပြည်နယ်ကို သို့တည်း မဟုတ် အခန်း၉ အပိုင်း ၆ အရ ဖွဲ့စည်းသော ပြည်နယ်သစ်ကို ဆိုလိုသည်။

(၃) ဆန့်ကျင်သောရည်ရွယ်ချက်မပေါ်ပေါက်လျှင်၊ မြန်မာနိုင်ငံတော်ယေဘူယျစကားရပ်အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည် ဤအခြေခံဥပဒေကို အဓိပ္ပါယ်ကောက်ယူခြင်း၊ ဤအခြေခံဥပဒေ အာဏာ သက်ရောက်ခြင်းတို့နှင့် သက်ဆိုင် ရမည်။

၂၂၆။ (၁) လက်ရှိ တရားဥပဒေများသည် ဤအခြေခံဥပဒေနှင့် မညီမညွတ် မဖြစ်သည် အထိငင်း၊ ဤအခြေခံ ဥပဒေနှင့် မဆန့်ကျင်လျှင်၎င်း၊ ထိုလက်ရှိ ဥပဒေများကိုဖြစ်စေ

ဥပဒေပြု ပိုင်ခွင့် ရှိသော ဥပဒေပြုအဖွဲ့က သော်၎င်း ထိုကဲ့သို့သောအာဏာပိုင်က သော်၎င်း မရုပ် သိမ်းသမျှ သို့တည်း မဟုတ် မပြင်သေးသမျှ၊ ဆက်လက် ၍ အာဏာတည်စေ ရမည်။

(၂) ဤအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်ကို လေးစား ထောက်ထား၍၊ နိုင်ငံတော်သမတက လိုအပ်သည်ဟု ထင်မြင်သော၊ သင့်တင့်ဆီလျော်သည့် ပြုပြင်ချက်များ ပါဝင်သော လက်ရှိတရားဥပဒေတစ်ခုခုကို ပါလီမန်က သော်၎င်း၊ အခွင့်အာဏာရှိသောအခြား အာဏာပိုင်က သော်၎င်း၊ မရုပ်သိမ်းသမျှ၊ သို့တည်းမဟုတ် မပြင်သေး သမျှ၊ နိုင်ငံတော်သမတ၏အမိန့်တွင် သီးခြားဖော်ပြ ထား သောနေ့မှစ၍ အကျိုးသက်ရောက် စေရမည်ဟု နိုင်ငံတော်သမတက အမိန့်ထုတ်၍ ပြဋ္ဌာန်းထားသည်။

၂၂၇။ ဤအခြေခံဥပဒေအာဏာတည်အံ့ဆဲဆဲကာလက မြန်မာနိုင်ငံ အစိုးရနှင့် သို့တည်းမဟုတ် မြန်မာနိုင်ငံအစိုးရ ကိုယ်စားဗြိတိသျှဘုရင် မင်းမြတ်နှင့် သို့တည်းမဟုတ် ဗြိတိသျှနိုင်ငံရှိဘုရင် မင်းမြတ်၏ အစိုးရနှင့်၊ အခြားနိုင်ငံအကြီးအမှူး သို့တည်းမဟုတ် အစိုးရတို့ ချုပ်ဆိုအတည် ဖြစ်ခဲ့သော စာချုပ်များမှသော်၎င်း၊ သဘောတူညီချက် များ မှသော်၎င်း၊ ထွက်ပေါ်လာသောတရား မျှတသည့်တာဝန်များကို၊ အဆိုပါအခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍၊ ထားရှိအပ်သောပဋိညာဉ်များကို တုံ့ပြန်လေးစားပါက၊ ပြည်ထောင်စု မြန်မာနိုင်ငံကလည်း၊ တုံ့ပြန် လေးစားရမည်။

၂၂၈။ ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့၌၊ တည်ရှိနေသော တရားရုံးအားလုံးသည် ဤအခြေခံ ဥပဒေနှင့်အညီ တရားဥပဒေဖြင့်

တရားရုံးသစ်များကို မတည်ထောင်သမျှ၊ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများကိုသုံးစွဲဆောင်ရွက်ရမည်။ အဆိုပါတရားရုံး များတွင် မပြီးမပြတ် ဖြစ်နေသေးသော တရားမမှုများ၊ ရာဇဝတ်မှုများနှင့်အခွန်တော်မှုများကို၊ဤအခြေခံဥပဒေမတည်သေးဘိကဲ့သို့ ပြီးပြတ်အောင်စီရင်ရမည်။

## Maxwell on the Interpretation of Statutes စာအုပ်မှ ကောက်နုတ်တင်ပြချက်များ

ဥပဒေကို အဓိပ္ပါယ်ကောက်ယူပုံ၊ ကောက်ယူနည်းကျမ်းများအနက် အကျော်ကြားဆုံးနှင့် အသုံးအများဆုံးဖြစ်သည့် Maxwell on the Interpretation of Statutes by G.Granville Sharp and Brian Galpin စာအုပ်ပါ သိသင့်သိထိုက် မှတ်သားသင့်သော အချက်ကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြပါသည် -

- ဥပဒေဖွင့်ဆိုသည့် နည်းလမ်းဟူသမျှသည် ဥပဒေ၏ လက်အောက် ခံမျှသာဖြစ်ပါသည်။ ဥပဒေ၏ရည်ရွယ်ချက်အတိုင်း ဖွင့်ဆိုရန်ဖြစ် ပါသည်။
- ဥပဒေ၌ သုံးစွဲထားသည့် စကားလုံးများ ရှင်းလင်းပါက သဘာဝ ကျကျနှင့် နေ့စဉ်သုံး အဓိပ္ပါယ်ကို ကောက်ယူရန်ဖြစ်ပါသည်။ ရှင်းလင်းပါက ဖွင့်ဆိုရန်ပင် မလိုပေ။
- ဥပဒေ၌ သုံးစွဲထားသော စကားရပ်နှင့်ဆန့်ကျင်ပါက ဆန့်ကျင် သော အဓိပ္ပါယ်ကို ဖွင့်ဆိုခြင်း မပြုနိုင်ပါ။
- ဥပဒေ၌ အတိအလင်း ဖော်ပြထားသော (expressly) သို့မဟုတ် သွယ်ဝိုက်၍ ရေးသားထားသော (impliedly) စကားရပ်သည် သီးခြားအမှု သို့မဟုတ် အဓိပ္ပါယ်ဖွင့်ဆိုသူထံမှောက် ရောက်ရှိ နေသော အကြောင်းအချက်

များအတွင်း ကျရောက်မှု ရှိမရှိကို ဖွင့်ဆိုသူက စိစစ်ရန်ဖြစ်သည်။

- ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အများပြည်သူ၏ အကျိုးကို ရှေ့ရှု၍ ဖွင့်ဆိုရပါမည်။
- သီးခြားအဓိပ္ပါယ်ဆောင်သော စကားရပ်များ (technical terms) အတွက် ယင်းလိုအပ်ချက်များနှင့်အညီ သီးခြားအဓိပ္ပါယ်ဆောင် သည့်အတိုင်း ဖွင့်ဆိုရပါမည်။ သို့မဟုတ်ပါက သာမန်အဓိပ္ပါယ် ကောက်ယူရပါမည်။
- သဒ္ဒါနည်းလမ်းကျစွာ အဓိပ္ပါယ် ကောက်ယူရပါမည်။
- ဥပဒေပါ ဝါကျများကို သဘာဝကျပြီး နေ့စဉ်သုံး အဓိပ္ပါယ်ကောက်ယူရပါမည်။
- ဥပဒေပြုလွှတ်တော်က ရည်ရွယ်သည့်အတိုင်း အဓိပ္ပါယ်ကောက် ယူရပါမည်။
- ဝါကျတစ်ခုသည်ရှင်းလင်းနေပြီး ဥပဒေပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပါကယင်းစကားရပ်ပါအတိုင်း အဓိပ္ပါယ်ကောက်ယူ ရပါမည်။
- ဥပဒေ၌ ပါရှိသော စကားရပ်အသုံးအနှုန်းနှင့်ဆန့်ကျင်၍ အဓိပ္ပါယ် ကောက်ယူရန် မဟုတ်ပါ။
- စကားရပ်အသုံးအနှုန်းမှာ ရှင်းလင်းပါက တရားရုံးက ဥပဒေပြု လွှတ်တော်၏ ဉာဏ်ရည်ထက်မြက်မှု သို့မဟုတ် မူပိုင်းဆိုင်ရာ တို့ကို လေ့လာစူးစမ်းရန် တာဝန်မရှိပါ။
- စကားရပ်အသုံးအနှုန်းများသည် ရှေ့နောက်ညီညွတ်မှု မရှိစေကာမူ ရှင်းလင်းပါက သုံးစွဲထားသည့် အတိုင်း အဓိပ္ပါယ် ကောက်ယူ ရန်ဖြစ်ပါသည်။

- ဥပဒေရေးဆွဲသူ (Legal Draftsman) သည် မိမိအသိကို စကားလုံးများဖြင့် ရေးသားဖော်ပြရာတွင် ကွဲလွဲမှုရှိနိုင်သဖြင့် ဥပဒေ၌ ဝိဝါဒ ပေါ်ပေါက်ပါက ဥပဒေရေးဆွဲသူ၏ ညှိဖျင်းမှု သာဖြစ်သည်။
- တရားစီရင်ရေးလမ်းညွှန်မှု (Judicial guidance) သို့မဟုတ် ခိုင်မာသော အဆုံးအဖြတ် (authority) မရှိပါက အဘိဓါန်၌ ပါရှိသော အဓိပ္ပါယ်ကို ကောက်ယူနိုင်ပါသည်။
- လိုအပ်ပါက ရုပ်သိမ်းလိုက်သော ဥပဒေပါစကားရပ်များကို ရည်ညွှန်း၍ အဓိပ္ပါယ်ဖွင့်ဆို နိုင်ပါသည်။
- ဥပဒေ၏အမည် (The Title) သည် ဥပဒေ၏ အစိတ်အပိုင်း မဟုတ်သော်လည်း အဓိပ္ပါယ်ကောက်ယူရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။
- ဘေးမှတ်ချက်များ( marginal notes) ကို ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းခြင်း မဟုတ်ပါ။ တာဝန်မရှိသူက ဥပဒေပုံနှိပ်ရာတွင်ထည့်သွင်းထားခြင်းဖြစ်၍ ရည်ညွှန်းကိုးကားနိုင်မည် မဟုတ်ပါ။
- ဥပဒေနိဒါန်း (Premable)သည် ဥပဒေ၏ ရည်ရွယ်ချက်ကိုကောက်ယူရာတွင် အသုံးပြုနိုင်ပါသည်။ များစွာ အထောက်အကူဖြစ်စေပါသည်။
- သို့ရာတွင် ဥပဒေ၏ နိဒါန်းသည် ဥပဒေပါ ရှင်းလင်းသော စကားရပ်များကို ထိခိုက်စေခြင်း မပြုနိုင်ပါ။
- ဥပဒေ၏ ခေါင်းစီး(Heading) သည် ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အထောက် အကူပြုသော်လည်း

ဥပဒေပါ ရှင်းလင်းသော စကားရပ်များကို ချုပ်ကိုင်ခြင်း မပြုနိုင်ပါ။ လွှမ်းမိုးခြင်းလည်း မပြုနိုင်ပါ။

- ဥပဒေပါ စကားရပ်များ၊ စကားလုံးများကို ဥပဒေပြု လွှတ်တော်၏ ရည်ရွယ်ချက်ပါ အတိုင်း အဓိပ္ပါယ် ကောက်ယူရပါမည်။
- ဥပဒေကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကုစားနိုင်မှု (remedy) ကို ဦးစားပေးပြီး မိုက်မဲမှု (mischief) ကိုနှိပ်ကွပ်ရမည်ဟု ဆိုပါသည်။
- ဥပဒေတွင် အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် သွယ်ဝိုက် မှတ်ယူခွင့် (implied) မရှိပါ။
- ဆင်ခြင်တုံတရား (discretion) ကို ကျင့်သုံးရာတွင် ဥပဒေရည်ရွယ်ချက်ကို ဦးတည်ပြီး ရိုးသားမှုဖြင့် ဖွင့်ဆို ကြောင်း ပေါ်လွင်စေရမည်။
- ဥပဒေ၌ နောက်ကြောင်းပြန် အာဏာသက်ရောက်သည်ဟု အတိအလင်း ဖော်ပြထားခြင်းမရှိပါက ဥပဒေသည် နောက်ကြောင်းပြန်အာဏာသက်ရောက်မှု ( Retrospective operation) မရှိပါ။
- ရပိုင်ခွင့် (rights) နှင့် လုပ်ထုံးလုပ်နည်း (procedure) ယှဉ်ပါက ရပိုင်ခွင့် အဟောင်းသည် လုပ်ထုံးလုပ်နည်း အဟောင်းနှင့်သာ သက်ဆိုင်ပြီး ရပိုင်ခွင့် အသစ်ကို လုပ်ထုံးလုပ်နည်း အသစ်နှင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။
- "သို့မဟုတ်" (or) ဟု သုံးစွဲပါက တစ်ခု သို့မဟုတ် တစ်ခုကို ဆိုလိုပါသည်။

- "နှင့်" (and) ဟုသုံးစွဲပါက နှစ်ခုစလုံး အကျုံးဝင်သည်ဟု ဆိုလိုပါသည်။
- "နိုင်သည်" (may) ဟု သုံးစွဲပါက မလုပ်မနေရ မဟုတ်ပါ၊ လုပ်ချင်မှ လုပ်မည့် သဘော သက်ရောက်ပါသည်။
- "ရမည်" (must) သို့မဟုတ် ( shall) ဟု သုံးစွဲပါက မလုပ်၍ မရဟု အဓိပ္ပါယ်ရပါသည်။
- ဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဥပဒေ၌ ဖော်ပြပါရှိသော
  - (က) ဥပဒေ၏အမည် (Title)
  - (ခ) နိဒါန်း (Preamble)
  - (ဂ) ခေါင်းစီး (Headings)
  - (ဃ) ဘေးမှတ်ချက်များ (Marginal notes)
  - (င) ပုဒ်မ၊ ပုဒ်ထီး (Punctuation)
  - (စ) ခြွင်းချက်များ (Provisos)
  - (ဆ) ရှင်းလင်းချက် (Explanation clause)
  - (ဇ) အဓိပ္ပါယ်ဖွင့်ဆိုချက် (Interpretation clause)
  - (ဈ) ဇယားများ (Schedules)

တို့ကို အတွင်းအား (Internal Aids) အဖြစ် ရယူပြီး ဖွင့်ဆိုရပါမည်။

- ဥပဒေ၏အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ပြင်ပအား (External Aids) ဟု သတ်မှတ်သော အောက်ပါတို့ကိုလည်း ထည့်သွင်း စဉ်းစား၍ ဖွင့်ဆိုရန် ညွှန်ပြထားပါသည် -
  - (က) ဥပဒေဖြစ်ပေါ်လာခြင်း၏ သမိုင်းကြောင်း (External Setting)
  - (ခ) ပါလီမန်၌ ဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးချက်များ

(Parliamentary history of the enactment)

(ဂ) ယခင်က ပြဋ္ဌာန်းခဲ့သော ဥပဒေ (Previous Legislation)

(ဃ) တရားစီရင်ရေးဆိုင်ရာဆုံးဖြတ်ချက်များ (Judicial decisions)

(င) အဘိဓါန်များ (Dictionary)

(စ) ရည်ညွှန်းချက်များ ( Text-books and books of authority)

- စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ(General Clauses Act or Interpretation Law
- အခြေခံဥပဒေများ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လိုက်နာရမည့် အထူးဥပဒေသများမှာ

(က) ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုသည့် ဥပဒေသ

(ခ) အပြုသဘော သို့မဟုတ် တိုးတက်မှု သဘောကို ဆောင်သော အဓိပ္ပါယ်ဖွင့်ဆိုသည့် ဥပဒေသ

(ဂ) အတည်ဖြစ်သော သို့မဟုတ် အာနိသင်ရှိသော အဓိပ္ပါယ်ကို ဆောင်ယူရမည်။ ပျက်စီးပြီး ဖြစ်သော အသက်မရှိသော အဓိပ္ပါယ်ကို ကောက်ယူခြင်း မပြုရ။

(ဃ) အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အာဏာ သက်ရောက်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းသဘော သက်ရောက်သည်ဟု မှတ်ယူရပါမည်။

(င) အခြေခံဥပဒေပါ ပြင်ဆင်ချက်များကို အခြေခံ ဥပဒေ၏ မူလပြဋ္ဌာန်းချက်များ အဖြစ် မှတ်ယူ

ရပါမည်။ ပြင်ဆင်ချက်များသည် ကျန်ပြဋ္ဌာန်းချက်များနှင့် သင့်မြတ်မှု၊ ညီညွတ်မှု ရှိစေရန် ပြင်ဆင်ခြင်းဖြစ်ပါသည်။ ထို့ပြင် အချုပ်အခြာ အာဏာပိုင်စိုးသော ပြည်သူများ၏ ဆန္ဒဖြစ်သည်ဟုလည်း မှတ်ယူရပါမည်။

သို့ဖြစ်ရကား အခြေခံဥပဒေကို ဖြစ်စေ၊ တည်ဆဲဥပဒေကို ဖြစ်စေ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အခြေခံဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ( Constitution itself ) အဓိပ္ပါယ်ဖွင့်ဆိုရန် ဖြစ်ပြီး ကျန်ဥပဒေများကိုလည်း အခြေခံဥပဒေပါ သတ်မှတ်ချက်နှင့်အညီ အဓိပ္ပါယ်ဖွင့်ဆိုရပါမည်။ ထိုသို့ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ယင်းနိုင်ငံက ပြဋ္ဌာန်းထားသော General Clauses Act အပြင် လိုအပ်ပါက Maxwell on Interpretation of Statutes ကို ကိုးကားအားယူ၍ အဓိပ္ပါယ်ဖွင့်ဆိုရန် ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

************************************